# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၂၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၁၇၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးစဉ်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် မတ် ၂၇

၂၀၂၃ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့၊ ယနေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ✪

**ယနေ့ ဖတ်စရာ**

**ဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းဆောင်ရွက်ခြင်း (ကျေးရွာသစ်လှုပ်ရှားမှု)**
ဆောင်းပါး | စာ - ၂၀

**ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ခရီးသွားပြည်သူများ တစ်ရက်လျှင် ရှစ်သောင်းခန့် ဝင်ရောက်လျက်ရှိ**
ပြည်တွင်းသတင်း | စာ - ၂၅

**ချောင်းသာကမ်းခြေ၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ**
ပြည်တွင်းသတင်း | စာ - ၂၆

# အကြမ်းဖက်အဖျက်ကင်းရှင်းမှ ဒီမိုကရေစီလမ်းကြောင်းမှန် လျှောက်လှမ်းနိုင်မည်

မြဝတီကုန်သွယ်ရေးဇုန်ကို KKO (ခွဲထွက်) အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အကြမ်းဖက်သမားများက ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် အကောက်ခွန်ဝန်ထမ်းတစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦး သေဆုံးခဲ့ရပြီး ရဲတပ်ဖွဲ့ဝင်သုံးဦး ကျဆုံးခဲ့ရသည်။ ကုန်သွယ်ရေးဇုန်အဆောက်အအုံနှင့် X – Ray စက်တို့ မီးရှို့ဖျက်ဆီးခံခဲ့ရသည်။

မြဝတီကုန်သွယ်ရေးဇုန်သည် ကရင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်ရန် အဓိက ကျသောနေရာ၊ ကရင်ပြည်နယ်သူပြည်နယ်သားများနှင့် ဒေသခံပြည်သူများအတွက်သာမက နိုင်ငံတစ်ဝန်းလုံးရှိ စိုက်ပျိုးရေးကုန်ထုတ်လုပ်ကြသည့် ကျေးလက်ပြည်သူများအဖို့လည်း စိုက်ပျိုးရေးပို့ကုန်များ အဓိကတင်ပို့ရာ နယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်သည်။ စစ်ရေးနှင့် မသက်ဆိုင်သည့် နေရာများကို KNU အဖွဲ့ခွဲထွက် KKO နှင့် PDF အကြမ်းဖက်အဖွဲ့တို့က ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူများလည်း မဆီမဆိုင် သေဆုံးခဲ့ရပြီး ၎င်းတို့၏ လူသားမဆန်သည့် လုပ်ရပ်၊ စစ်ရာဇဝတ်မှု ကျူးလွန်သည့်လုပ်ရပ်တို့ကို ပေါ်လွင်ထင်ရှားစေခဲ့သည်။

မိမိတို့နိုင်ငံတွင် အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှု၊ ဖျက်ဆီးမှုများ စတင်ဖြစ်ပေါ်ခဲ့ချိန်မှစ၍ ယနေ့အချိန်အထိ အများပြည်သူဆိုင်ရာ နေရာများ၊ ဘာသာ သာသနာဆိုင်ရာ နယ်မြေများ တိုက်ခိုက်ခံရမှုနှင့် အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံရမှုပေါင်းများစွာ ရှိခဲ့သည်။ ယင်းဖြစ်ရပ်များ၏ လက်သည်တရားခံမှာ NUG၊ CRPH တို့ဖြစ်ပြီး အကြမ်းဖက် PDF တို့က ကာယကံမြောက် ကျူးလွန်ခဲ့ကြသူများဖြစ်သည်။ “ အကြမ်းဖက်အားပေးနိုင်ငံအချို့နဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူတချို့က နိုင်ငံတည်ငြိမ်မှုပျက်ပြားအောင် ပြုလုပ်ပြီး ပြစ်မှုကျူးလွန်တဲ့ CRPH၊ NUG နဲ့ ၎င်းတို့လက်ဝေခံ PDF အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေကို မဖော်ပြဘဲ အစိုးရအပေါ် ပြစ်တင်ဝေဖန်နေတာဟာ အလွန်ပဲ လွဲမှားနေတယ်။ NUG နဲ့ ၎င်းတို့လက်ဝေခံ PDF တို့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုများ လုံးဝရပ်ဆိုင်းအောင် ဆောင်ရွက်သွားဖို့ လိုအပ်တယ်” ဟူ၍ (၇၈) နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထည့်သွင်းပြောကြားခဲ့သည်။ မိမိတို့နိုင်ငံအပေါ် နိုင်ငံအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့မှာ သဘောထား မမှန်ကန်ရုံသာမက တစ်ဖက်မှ အကြမ်းဖက်မှုများကိုပါ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးနေကြခြင်းမှာ မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသည့်အပြင် ပြည်သူများ၏ အသက်အိုးအိမ်လုံခြုံမှုနှင့် ပရိယေသန ဝမ်းစာရှာဖွေမှုတို့ကိုပါ ထိခိုက်စေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းတွင် “တပ်မတော်နှင့် နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံကို ဖျက်ဆီးနေသည့်၊ ပြည်သူကို သတ်နေသည့် အကြမ်းဖက်အဖွဲ့ကို ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေနှင့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ခိုင်မာစွာ လျှောက်လှမ်းနိုင်ရန်အတွက် လက်ရှိအစိုးရ၏ ကြိုးပမ်းလုပ်ဆောင်မှုများကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာ တန်းတူညီမျှမှုကို လေးစားပြီး အပြုသဘောဆောင်စွာ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း” လည်း တိုက်တွန်းပြောကြားခဲ့သည်။

မိမိတို့နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ခိုင်မာစွာ လျှောက်လှမ်းနိုင်ရန်မှာ အကြမ်းဖက်အဖျက်လုပ်ရပ်များ ကင်းရှင်းနေရန်လိုသည်။ သို့ဖြစ်ရာ နိုင်ငံကို အလုံးစုံပျက်သုဉ်းစေပြီးမှ မိမိတို့အာဏာထူထောင်နိုင်မည်ဟူသော အကြမ်းဖက်အမြင်ဖြင့် နိုင်ငံကို ဖျက်ဆီး၊ ပြည်သူကို သတ်ဖြတ်နေသော အကြမ်းဖက်အုပ်စုများကို တုံ့ပြန်နှိမ်နင်းရာတွင် အကြမ်းဖက်မှုကို မလိုလားသော ပြည်သူအားလုံးက ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ကြရေး နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းများဆောင်ရွက်

နေပြည်တော် မတ် ၂၇

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ သီရိမင်္ဂလာ ဥဿျှစ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာသုဗောဓာရုံစာသင်တိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အောင်ပါရမီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ တိပိဋက မဟာဂန္ဓဝင်နိကာယ ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ မဟာဝိစိတ္တာရုံကျောင်းတိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ရတနာပုံအကျော် ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ရွှေတောင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ နေမင်းကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဝိသုတာရာမ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သာသနေဒယကုန်းလှိုင် ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ရွှေပြည်အေးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၂၇

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၈၄ / ၂၀၂၃**
**၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်**
**( ၂၀၂၃ ခုနှစ် ၊ မတ်လ ၂၇ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် –

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း | ၅၉၈၃၀ | ဗိုလ်ကြီး သန်းထွန်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**ရဲဗလတံဆိပ်**

| | | | | | |
|---|---|---|---|---|---|
| ၁။ | ရဲ | ၅၀၃၂ | ရဲမှူး | လှတင့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | မ | ၀၉၉၃ | ဦးစီးအရာရှိ | ဦးခူးပိုလီကတ် | မီးသတ်ဦးစီးဌာန |
| ၃။ | လ | ၁၉၀၈၉၅ | ရဲအုပ် | ဝင်းပိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | လ | ၂၁၃၈၀၅ | ရဲတပ်ကြပ်ကြီး | သီဟမောင်မောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | ဦးဝင်းတင့် | | ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၆။ | ဒေါ်ခက်သန္တာကျော် | | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်ခင်မြရီ | | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဒေါ်အေးသန္တာဝင်း | | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒေါ်ပပစိုး | | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဒေါ်ညိုညိုလွင် | | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါ်မာလာဝင်း | | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒေါ်နွယ်နွယ်ယဉ် | | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်ဝိုင်းဝိုင်း | | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဒေါ်ဝေဝေလွင် | | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဒေါ်သန္တာအေး | | | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ဦးတင်စိုးလင်း | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၇။ | ဦးအောင်မျိုးဦး | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၈။ | ဦးစန်းလွင် | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၉။ | ဦးအောင်မင်းစိုး | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၀။ | ဦးတင်မိုး | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၁။ | ဦးရန်နိုင်စိုး | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၂။ . | ဦးငြိမ်းချမ်းသူ | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၃။ | ဦးရာဇာထွန်း | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၄။ | ဦးဆန်းလင်း | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၅။ | ဦးဆန်းလင်းအောင် | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၆။ | ဦးဇော်ထက်အောင် | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၇။ | ဦးတင်မိုးအောင် | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၈။ | ဦးအောင်ဇော်ဦး | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉။ | ဦးဖိုးစိုး | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀။ | ဦးဖြိုးသူကျော် | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၁။ | ဦးခိုင်ထူး | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၂။ | ဦးဝင်းမြင့် | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၃။ | ဦးမျိုးဇင်ဝင်း | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၄။ | ဦးစောမောင်မောင် | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၅။ | ဦးရဲအောင် | | | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၆။ | ဦးကြီးမြင့်(ခ) ဦးကတုံး | | | | ပဲခူးတိုင်းဒေသကြီး |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ၂၀၂၃ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ကျင်းပသော (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ မိန့်ခွန်းပြောကြားစဉ်။

ရဲဘော်တို့

ဒီနေ့ဟာ အမိမြန်မာနိုင်ငံတော်ကြီးကို ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ပြီး သမိုင်းကြောင်းအစဉ်အလာကြီးမားတဲ့ တို့မြန်မာ့တပ်မတော်ရဲ့ (၇၈)နှစ်မြောက် တပ်မတော်နေ့ဖြစ်တယ်။ ဒီ(၇၈)နှစ်တာကာလအတွင်းမှာ တပ်မတော်ဟာ ပြည်သူနဲ့အတူ လက်တွဲပြီး လွတ်လပ်ရေးအရယူပေးခဲ့တဲ့အပြင် ရရှိပြီးလွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ပြန်လည်မဆုံးရှုံးစေဖို့အတွက် နိုင်ငံ့ရှေ့က မားမားမတ်မတ် ရပ်တည်ပေးနိုင်ခဲ့တာကြောင့် ယခုနှစ်အတွင်းမှာ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်နဲ့ တပ်မတော်အတွက် သမိုင်းမော်ကွန်းသစ်ရေးထိုးနိုင်ခဲ့တယ်။

ရဲဘော်တို့

တို့နိုင်ငံရဲ့ သမိုင်းကြောင်းကိုပြန်ကြည့်ရင် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲပြီး ရေမြေပိုင်နက်နယ်နိမိတ်နဲ့ ခိုင်မာတဲ့ သမိုင်းကြောင်း ရှိတဲ့ နိုင်ငံတစ်ခုဖြစ်တယ်ဆိုတာတွေ့ရတယ်။ ပုဂံခေတ်မတိုင်မီကာလမှာ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာစတဲ့ ပျူမြို့ပြတွေကို ထူထောင်နိုင်ခဲ့ကြတယ်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှာ ကျယ်ပြန့်တဲ့ ပထမမြန်မာနိုင်ငံတော်ကြီး ခမ်းနားထည်ဝါစွာ ထူထောင်နိုင်ခဲ့တဲ့ အပြင် ဘုရင့်နောင်မင်းလက်ထက်မှာ ဒုတိယမြန်မာနိုင်ငံတော်၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်မှာ တတိယ မြန်မာနိုင်ငံတော်တို့ကို ပိုင်နက်နယ်ပယ် ကျယ်ဝန်းပြီး သာယာဝပြောတဲ့နိုင်ငံများအဖြစ် တည်ထောင်ခဲ့တယ်ဆိုတာ သမိုင်းကြောင်း အထောက်အထားများအရ တွေ့ရတယ်။ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု ခိုင်မာအားကောင်းခဲ့တဲ့ တို့နိုင်ငံဟာ ကုန်းဘောင်ခေတ်မှာတော့ အနောက်နိုင်ငံများရဲ့ လုပ်ကြံခြေထိုးမှုတို့ကြောင့် စည်းလုံး ညီညွတ်မှုပြိုကွဲခဲ့ရတယ်။ နယ်ချဲ့အင်္ဂလိပ်တို့ဟာ ၁၈၂၄ ခုနှစ်မှာ ပထမ ကျူးကျော်စစ်၊ ၁၈၅၂ ခုနှစ်မှာ ဒုတိယကျူးကျော်စစ်နဲ့ ၁၈၈၅ ခုနှစ်မှာ တတိယကျူးကျော်စစ်တို့ကို ဆင်နွှဲပြီး တစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့တာကြောင့် တို့မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝကျရောက်ခဲ့ရတယ်။ လွတ်လပ်ရေးဆုံးရှုံးပြီးနောက် နိုင်ငံတစ်ဝန်း နယ်ချဲ့တော်လှန်ရေးများကို ဆောင်ရွက်ခဲ့ပေမယ့် စနစ်တကျဖွဲ့စည်းမှု မရှိခြင်းနဲ့ လက်နက်အင်အား မမျှတခြင်းတို့ကြောင့် နောက်ဆုံးမှာ အင်္ဂလိပ်တို့ကို အရေးနိမ့်ခဲ့ရတယ်။ ဆုံးရှုံးသွားတဲ့ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ရေးအတွက် သခင်အောင်ဆန်း ဦးဆောင်တဲ့ ရဲဘော်သုံးကျိပ်ဟာ ဂျပန်တို့ထံမှာ ခေတ်မီတပ်မတော်ဖွဲ့စည်းနိုင်ရေးအတွက် စစ်ပညာ သင်ကြားခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ BIA ဟာ ဂျပန်ဘုရင့်တပ်မတော်နှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းများခွဲ ဝင်ရောက်လာခဲ့ပြီး နယ်ချဲ့အင်္ဂလိပ်တို့ကို ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုဖြင့် တိုက်ထုတ်ခဲ့ကြတယ်။ အင်္ဂလိပ်တို့ ဆုတ်ခွာသွားခဲ့သော်လည်း ဂျပန်တို့ဟာ လွတ်လပ်ရေးပေးမယ့်ကတိကို ပျက်ကွက်ခဲ့တဲ့အပြင် ပြည်သူလူထုအပေါ် ညှဉ်းပန်းနှိပ်စက်လာခဲ့တာကြောင့် တို့တပ်မတော်အနေနဲ့ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်မှာ သမိုင်းဝင် ဖက်ဆစ်တော်လှန်ရေးကြီးကို တိုင်းရင်းသားပြည်သူလူထုနဲ့အတူ လက်တွဲဆင်နွှဲခဲ့ကြတယ်။ အဲဒီနေ့ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ယနေ့ဆိုလျှင် ၇၈ နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်တယ်။

**☆ တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့ဟာ ဒီမိုကရေစီနည်းလမ်းတကျ ပေါ်ထွက်လာတဲ့ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်တာ၊ တစ်နည်းအားဖြင့် ပြည်သူလူထု လိုလားတောင့်တတဲ့ ဒီမိုကရေစီကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲဖြစ်တယ်ဆိုတာကို ခိုင်ခိုင်မာမာပြောကြားလိုတယ်**

**※ စည်းလုံးညီညွတ်ခြင်းဟာ အင်အားကို ဖြစ်စေတယ်။ ဒါ့ကြောင့် တပ်မတော်အင်အား တောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်တွင်းစည်းလုံးညီညွတ်ရမှာဖြစ်သလို နိုင်ငံ့အင်အား တောင့်တင်း ခိုင်မာမှုရှိရေးအတွက် တပ်မတော်နဲ့ပြည်သူ စည်းလုံးညီညွတ်နေဖို့ တိုင်းရင်းသားပြည်သူများရဲ့ သားသမီးများဖြစ်တဲ့ ရဲဘော်တို့ဟာ တပ်ပြင်စည်းရုံးရေးကိုလည်း အလေးထားလုပ်ဆောင်ကြရမယ်**

ရဲဘော်တို့

ယနေ့မြန်မာ့တပ်မတော်ရဲ့ အမြဲတေတပ်မတော်အဖြစ် စတင်ခဲ့တဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ဟာ ၁၉၄၂ ခုနှစ်မှာ ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)၊ ၁၉၄၃ ခုနှစ်မှာ ဗမာ့အမျိုးသားတပ်မတော် (BNA)၊ ၁၉၄၅ ခုနှစ်၊ ဇူလိုင်လမှာ မျိုးချစ်ဗမာ့တပ်မတော် (PBF) နဲ့ စက်တင်ဘာလမှာ ဗမာ့တပ်မတော် (Burma Army) အဖြစ် အဆင့်ဆင့် အမည်ပြောင်းလဲဖွဲ့စည်းခဲ့တယ်။ ပြောင်းလဲဖွဲ့စည်းခဲ့တဲ့ မျိုးချစ်ဗမာ့တပ်မတော်ဟာဆိုရင်လည်း ပြည်သူလူထုနဲ့အတူ လက်တွဲပြီး ဖက်ဆစ်ဂျပန်တို့ကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့တယ်။ ဒါ့ကြောင့် တို့တပ်မတော်ဟာ ဘယ်လိုပင် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းသော်လည်း ပြည်သူလူထုနဲ့အတူ လက်တွဲပြီး တိုင်းတစ်ပါးအုပ်စိုးမှုအောက်မှ မြန်မာနိုင်ငံကို လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ပေးခဲ့တဲ့အတွက် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့်အတူ သန္ဓေတည် ပေါက်ဖွားလာခဲ့တဲ့ တပ်မတော်လည်းဖြစ်တယ်။

ရဲဘော်တို့

တို့နိုင်ငံဟာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ နယ်ချဲ့အင်္ဂလိပ်တွေနဲ့ ဖက်ဆစ်ဂျပန်တို့ရဲ့ မြေစာပင်ဖြစ်ခဲ့ရသလို လွတ်လပ်ရေး ရရှိချိန်မှာလည်း နိုင်ငံထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်ဖို့ မျှော်မှန်းခဲ့ကြပေမယ့် ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုများနဲ့ မမျှော်လင့်ဘဲ ကြုံတွေ့လာခဲ့ရတယ်။ အဲဒီ လက်နက်ကိုင်သောင်းကျန်းမှုတွေဟာ ၁၉၄၉ ခုနှစ်ဝန်းကျင်မှာ အဆိုးရွားဆုံးအခြေအနေအထိ ရောက်ရှိခဲ့ပြီး ရန်ကုန်အစိုးရလို့ပင် လှောင်ပြောင်ခေါ်ဆိုခံရတဲ့ အခြေအနေအထိ ဖြစ်ပေါ်ခဲ့ရတယ်။

တို့တပ်မတော်အနေနဲ့ ပြည်တွင်းရောင်စုံသောင်းကျန်းသူများကို နှိမ်နင်းနေစဉ်မှာပဲ တရုတ်ဖြူ(ကူမင်တန်)နဲ့ မူဂျာဟစ် ကုလားဆိုး သောင်းကျန်းမှုစတဲ့ ပြည်ပကျူးကျော်မှုများကိုလည်း နှိမ်နင်းခဲ့ရတယ်။ ဒါ့အပြင် ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်နဲ့ ၁၉၈၈ ခုနှစ်တို့မှာ ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံတော်မှာ အန္တရာယ်ကြီးမားတဲ့ အရေးကိစ္စတွေ ကြုံတွေ့လာတဲ့ အချိန်များမှာလည်း တပ်မတော်အနေနဲ့ မှန်ကန်တဲ့ ရပ်တည်ချက်၊ အမျိုးသားရေးခံယူချက်တို့နဲ့အတူ နိုင်ငံတော်နဲ့ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ပေးခဲ့တယ်။ ဒါ့အပြင် တပ်မတော်ဟာ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာလည်း နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးရန်ပြုလာတဲ့ သောင်းကျန်းသူများအား အောင်မြင်စွာ တိုက်ခိုက်ချေမှုန်းနိုင်ခဲ့တယ်။ ဒါ့ကြောင့် တို့တပ်မတော်ဟာ ယနေ့အချိန်အထိ နိုင်ငံတော်အပေါ် ကျရောက်လာတဲ့ ရန်စွယ်ဟူသမျှကို ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးနိုင်ခဲ့တယ်ဆိုတာ ဂုဏ်ယူစွာနဲ့ ပြောကြားလိုတယ်။

ရဲဘော်တို့

တို့တပ်မတော်ဟာ လွတ်လပ်ရေးရပြီးနောက် ခေတ်အဆက်ဆက်မှာ နိုင်ငံတော်ရဲ့ ပကတိလိုအပ်ချက်နဲ့ ပြည်သူတို့ရဲ့ လိုအင်ဆန္ဒများကို ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့တယ်။ ၁၉၅၈ ခုနှစ် နိုင်ငံရေးအကျပ်အတည်းကာလမှာ တပ်မတော်ဟာ အိမ်စောင့်အစိုးရတာဝန်ကိုရယူပြီး လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ သောင်းကျန်းသူနှိမ်နင်းရေးနဲ့ လွတ်လပ်၍ တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပေးရေး စတဲ့နိုင်ငံတော်ရဲ့ ပကတိလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ဖို့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ ၁၉၆၂ ခုနှစ်မှာ တော်လှန်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ကို ရယူခဲ့ချိန်မှာလည်း အဲဒီခေတ်ကာလ နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ချမှတ်ပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ နိုင်ငံတော်ကို တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။ ၁၉၈၈ ခုနှစ်မှာ ပါတီစုံဒီမိုကရေစီတောင်းဆိုမှုနဲ့အတူ ဆူပူဆန္ဒပြမှုများ ပြင်းထန်လာမှုကြောင့် အစိုးရပြိုကွဲသွားပြီး

စာမျက်နှာ ၄ သို့

*စာမျက်နှာ ၃ မှ*

တပ်မတော်က နိုင်ငံတော်တာဝန် အရပ်ရပ်ကို စောင့်ရှောက်ရယူခဲ့ရချိန်မှာလည်း တပ်မတော်ဟာ ပြည်သူတို့ရဲ့ လိုအင်ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ် ထူထောင်နိုင်ရေးအတွက် လိုအပ်တဲ့ အခြေခံအုတ်မြစ်များကို ချမှတ်ပေးခဲ့တယ်။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့တဲ့အပြင် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလမှာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး အနိုင်ရရှိတဲ့ပါတီထံ နိုင်ငံ့တာဝန်အရပ်ရပ်ကို အဆင်ပြေချောမွေ့စွာ လွှဲပြောင်းပေးနိုင်ရေး ကမကထပြု ဆောင်ရွက်ပေးနိုင်ခဲ့တယ်။

**ရဲဘော်တို့**

တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဟာ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုရဲ့ သဘောဆန္ဒအရ ရေးဆွဲထားခြင်းမဟုတ်ဘဲ အမျိုးသားညီလာခံတစ်ရပ်ကျင်းပပြီး ကိုယ်စားလှယ် ၁,၀၀၀ ကျော်ပါတဲ့ အစုအဖွဲ့ ၈ ဖွဲ့နဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရေးဆွဲခဲ့ကြတာဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဟာ ပြည်သူလူထုရဲ့ တစ်ခဲနက်ထောက်ခံမှုနဲ့ ပေါ်ထွန်းလာတာကြောင့် ပြည်သူတစ်ရပ်လုံးက လေးစားလိုက်နာရမှာဖြစ်သလို ပြည်သူက ပေါက်ဖွားလာတဲ့ တို့တပ်မတော်သားတွေအနေနဲ့လည်း လိုက်နာစောင့်ထိန်းရမှာဖြစ်တယ်။ လက်ရှိကျင့်သုံးနေတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ရဲ့ ပုဒ်မ ၂၀ (စ) မှာ **“တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်”** လို့ အတိအလင်း ပြဋ္ဌာန်းထားတာကို တွေ့ရှိရမှာပဲဖြစ်တယ်။ **တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့ဟာ ဒီမိုကရေစီနည်းလမ်းတကျ ပေါ်ထွက်လာတဲ့ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်တာ၊ တစ်နည်းအားဖြင့် ပြည်သူလူထု လိုလားတောင့်တတဲ့ ဒီမိုကရေစီကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲဖြစ်တယ်ဆိုတာကို ခိုင်ခိုင်မာမာ ပြောကြားလိုတယ်။**

**ရဲဘော်တို့**

အင်အားကြီးနိုင်ငံများရဲ့ အားပြိုင်မှုများမှတစ်ဆင့် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိတဲ့ ပဋိပက္ခများဟာ **“တောင်လဲရာ မြက်ပြတ်”** ဆိုတဲ့ စကားပုံအတိုင်း နိုင်ငံငယ်များအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်တဲ့အတွက် နိုင်ငံတကာရေးရာများကို မျက်ခြည်မပြတ်လေ့လာပြီး ကိုယ့်နိုင်ငံရှင်သန်ရပ်တည်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုများ အမြဲလုပ်ဆောင်နေရမှာဖြစ်တယ်။ တို့နိုင်ငံအနေနဲ့လည်း ကာကွယ်ရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် တပ်မတော်ကို သမားရိုးကျစစ်ပွဲဆင်နွှဲနိုင်ပြီး တိုက်စွမ်းရည်နဲ့ တိုက်စွမ်းအားရှိတဲ့ ခေတ်မီတပ်မတော် (Standard Army) အဖြစ် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်လျက်ရှိတယ်။ အနာဂတ်တပ်မတော်ကို Standard Army အဖြစ် တည်ဆောက်ရာမှာ တပ်များကို ခေတ်နဲ့ကိုက်ညီအောင် လုပ်ဆောင်လျက်ရှိတယ်။ တပ်မတော်သား အဆင့်အတန်းအားလုံးအနေနဲ့လည်း လက်ဝယ်ပိုင်ဆိုင်ထားတဲ့ ခေတ်မီစစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ဖို့နဲ့ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်မှာ ကျွမ်းကျင်ဖို့အတွက် လေ့ကျင့်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရမှာဖြစ်တယ်။ အဲဒီလို လေ့ကျင့်တဲ့နေရာမှာ စစ်သည်တစ်ဦးချင်း လေ့ကျင့်ရေးနဲ့ တပ်ဖွဲ့လိုက်လေ့ကျင့်ရေးများ ပါဝင်ပြီး လေ့ကျင့်ရေးမူဝါဒများနဲ့အညီ ဆောင်ရွက်သွားဖို့ လိုအပ်တယ်။ **စစ်သည်တိုင်း မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန်တွေကို မှန်မှန်ကန်ကန် လုပ်ဆောင်နေခြင်းဟာလည်း လေ့ကျင့်ရေးဆောင်ရွက်နေတာပဲ ဖြစ်တယ်။** တပ်မတော်ရဲ့ အရည်အချင်းဟာ လူတစ်ဦးစီရဲ့ စွမ်းရည်ပေါ်မှာ အခြေခံပြီး စစ်လက်နက်ပစ္စည်းများ၏ စွမ်းအားနဲ့ပေါင်းစပ်ရတာ ဖြစ်တဲ့အတွက် တစ်ဦးချင်း စွမ်းရည်မြင့်မားရေးကို အလေးအနက်ထားလုပ်ဆောင်ကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

☆ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဟာ နိုင်ငံရေးရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော်လည်း နိုင်ငံရေးရဲ့ လက်နက်တစ်ခုမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးနဲ့ အမျိုးသားအကျိုးစီးပွားအတွက် အဓိကဦးတည်လုပ်ဆောင်မှသာ အနာဂတ်နိုင်ငံတည်ဆောက်ရေးကို အထောက်အကူဖြစ်စေမှာဖြစ်

**ရဲဘော်တို့**

**စည်းလုံးညီညွတ်ခြင်းဟာ အင်အားကိုဖြစ်စေတယ်။ ဒ့ါကြောင့် တပ်မတော် အင်အားတောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်တွင်းစည်းလုံးညီညွတ်ရမှာဖြစ်သလို နိုင်ငံ့အင်အား တောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်မတော်နဲ့ပြည်သူ စည်းလုံးညီညွတ်နေဖို့ တိုင်းရင်းသားပြည်သူများရဲ့ သားသမီးများဖြစ်တဲ့ ရဲဘော်တို့ဟာ တပ်ပြင်စည်းရုံးရေးကိုလည်း အလေးထားလုပ်ဆောင်ကြရမယ်။**

တပ်မတော်သားများအနေနဲ့ ပြည်သူလူထုအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ် ၁၀ ပါးနဲ့အညီ နေထိုင်ကျင့်ကြံပြီး ပြည်သူလူထုရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရမှာပဲ ဖြစ်တယ်။ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုတဲ့အတိုင်း နိုင်ငံတော်ကို ဘက်ပေါင်းစုံကာကွယ်နိုင်ဖို့ဟာ ပြည်သူလူထုရဲ့ တစ်ခဲနက်ပူးပေါင်းပါဝင်မှုသာ ခိုင်မာမယ်။ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝလုံခြုံမှုသာ ပြည်သူများကလည်း စိတ်ရောကိုယ်ပါ လက်တွဲဆောင်ရွက်နိုင်မှာဖြစ်လို့ ပြည်သူတို့အပေါ် ကျရောက်လာနိုင်တဲ့ ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်မဆိုင်းဘဲ ကာကွယ်ဆောင်ရွက်ပေးကြရမယ်။ ဒေသအလိုက်ရှိတဲ့ ခေါင်းဆောင်များက ဒေသနဲ့ နိုင်ငံရဲ့ဖြစ်ပေါ်နေတဲ့ အခြေအနေမှန်ကို အမြဲလေ့လာသုံးသပ်ပြီး ဆောင်ရွက်သင့်တာများ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်သွားကြဖို့ မှာကြားလိုတယ်။ ဒီနေရာမှာ **“လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ”၊ “ကျန်းမာရေးသည် အဓိက၊ ကျန်းမာမှ ပညာသင်ကြား နိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်”** ဆိုတဲ့အတိုင်း မိမိတို့တိုင်းရင်းသားပြည်သူအပေါင်းကို ကာကွယ်စောင့်ရှောက်ကြရမယ်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက အားသွန်ခွန်စိုက်ဆောင်ရွက်နေတဲ့နေရာမှာ တို့တပ်မတော်သားတွေဟာ ကျရာနေရာအခန်းကဏ္ဍက ပါဝင်ကူညီဆောင်ရွက်သွားဖို့ ပြောကြားလိုတယ်။

**ရဲဘော်တို့**

ကမ္ဘာ့နိုင်ငံအသီးသီးဟာ နိုင်ငံရဲ့ ပထဝီအနေအထား၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ စတဲ့အကြောင်းအချက်အလက်တွေ အပေါ်မူတည်ပြီး မိမိနိုင်ငံနဲ့ သင့်လျော်တဲ့ နိုင်ငံရေးစနစ်တစ်ခု ချမှတ်လျှောက်လှမ်းနေကြတာပဲ ဖြစ်တယ်။ မည်သည့်နိုင်ငံရေးစနစ်ကို လျှောက်လှမ်းသည်ဖြစ်စေ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှာပဲ ဖြစ်တယ်။ **ဒီမိုကရေစီဆိုတာ ပြည်သူတစ်ရပ်လုံး အကြားအလပ်မရှိ ပါဝင်ဖော်ဆောင်ရခြင်းဖြစ်တာကြောင့် ကဏ္ဍအသီးသီးမှာ တည်ငြိမ်အေးချမ်းမှု အရေးကြီးပြီး ဒီလိုဆောင်ရွက်ဖို့အတွက် ကြိုးပမ်းရာမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြဖို့ လိုအပ်မှာပဲဖြစ်တယ်။**

**ရဲဘော်တို့**

နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို အသက်၊ သွေး၊ ချွေးတွေ ပေးဆပ်ပြီးထမ်းဆောင်နေတဲ့ တို့တပ်မတော်သားတွေဟာ ငြိမ်းချမ်းရေးကို အလိုလားဆုံးအဖွဲ့အစည်းပဲဖြစ်တယ်။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ခဲ့တာနဲ့အညီ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့တယ်။ အဲဒီလိုဖိတ်ခေါ်ခဲ့ရာမှာ ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့နဲ့ လက်မှတ်ရေးထိုးခြင်းမပြုရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၃ ဖွဲ့၊ စုစုပေါင်း ၁၀ ဖွဲ့တို့မှ ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်မဲ့ ရလဒ်များကိုလည်း ဖော်ဆောင်နိုင်ခဲ့တယ်။ NCA ပါသဘောတူညီချက်တွေဟာ ပြည်ထောင်စုနဲ့ တိုင်းရင်းသားအားလုံးရဲ့ အနာဂတ်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရှုထားတာဖြစ်တယ်။ ဒါဟာ နိုင်ငံတော်နဲ့ တိုင်းရင်းသားများအပေါ် အာမခံထားခြင်းပဲဖြစ်တယ်။ ဒ့ါကြောင့် နယ်ချဲ့တို့ရဲ့ အမွေဆိုးဖြစ်တဲ့ လူမျိုးရေးအမြင် ကျဉ်းမြောင်းမှုတွေကို ဖယ်ရှားရမယ်။ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး မတူညီတဲ့အယူအဆတွေကို တူညီတဲ့ဘုံသဘောထားတွေနဲ့ ပေါင်းစည်းကြဖို့ လိုအပ်တယ်။

**“အထွေထွေ ရွေးကောက်ပွဲဟာ မြန်မာပြည်သူတွေရဲ့ ရွေးကောက်ပွဲ ဖြစ်သလို အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို ပုံဖော်ဖန်တီးသွားမှာဖြစ်လို့ တို့တစ်တွေအားလုံး အသိတရားရှိရှိ အမြော်အမြင်ကြီးစွာနဲ့ ဆောင်ရွက်ကြဖို့လို”**

ငြိမ်းချမ်းရေးဆွေးနွေးရာမှာလည်း တစ်ဖက်နဲ့တစ်ဖက် သဘောထားကြီးစွာနဲ့ ဆွေးနွေးဆောင်ရွက်သွားဖို့ လိုအပ်သလို နိုင်ငံတော်အတွက် ဖြစ်နိုင်သည်များနဲ့ ဖြစ်သင့်သည်များကို ချိန်ထိုးပြီး အကောင်းဆုံးဖြစ်အောင် ဆွေးနွေးအဖြေထုတ်ရမှာပဲ ဖြစ်တယ်။ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဟာ နိုင်ငံရေးရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော်လည်း နိုင်ငံရေးရဲ့ လက်နက်တစ်ခု မဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးနဲ့ အမျိုးသားအကျိုးစီးပွားအတွက် အဓိကဦးတည်လုပ်ဆောင်မှသာ အနာဂတ်နိုင်ငံ တည်ဆောက်ရေးကို အထောက်အကူဖြစ်စေမှာဖြစ်**ကြောင်း ထည့်သွင်းပြောကြားလိုတယ်။ ယနေ့အချိန်အထိ တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ လာရောက်နိုင်အောင် အစဉ်အမြဲ တံခါးဖွင့်ပေးလျက်ရှိတယ်။

**ရဲဘော်တို့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရဟာ ယခင် NLD အစိုးရရဲ့ ရွေးကောက်ပွဲမဲမသမာမှုမှတစ်ဆင့် နိုင်ငံတော်အာဏာအား မသမာတဲ့နည်းလမ်းနဲ့ အဓမ္မရယူကြိုးပမ်းခဲ့တာကို တားဆီးဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး ပေါ်ပေါက်လာတဲ့ အစိုးရဖြစ်တယ်။ နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန် အစပိုင်းမှာ ဆူပူမှုများသာ ကြုံတွေ့ခဲ့ရပေမယ့် နောက်ပိုင်းမှာ အကြမ်းဖက်သမားတွေက အပြစ်မဲ့ပြည်သူများ၊ စစ်ရေးပစ်မှတ်မဟုတ်တဲ့ အခြားသော နေရာများကိုပါ ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားပြီး တိုက်ခိုက်လာတာကို တွေ့ရှိရမှာပဲဖြစ်တယ်။ ဒီမိုကရေစီအပေါ် သဘောထား ကွဲလွဲမှုကြောင့် လုပ်ဆောင်လာတဲ့ အကြမ်းဖက်တိုက်ခိုက်မှုကို မည်သည့်နိုင်ငံအစိုးရကမှ ခွင့်ပြုမှာမဟုတ်တဲ့အပြင် ဒီမိုကရေစီကို အကြမ်းဖက်နည်းလမ်းနဲ့လည်း ရရှိနိုင်မှာ မဟုတ်ကြောင်း ပြောကြားလိုတယ်။ ဒီအကြမ်းဖက်တိုက်ခိုက်မှုများဟာ နိုင်ငံရေး ရည်ရွယ်ချက်ရှိရှိနဲ့ ဖွဲ့စည်းခဲ့တဲ့ NUG က ပေါက်ဖွားလာတဲ့ PDF အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းများနဲ့ ၎င်းတို့ကို ကူညီနေတဲ့ အချို့သော EAO များရဲ့ နိုင်ငံအပေါ် ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်မှုများသာဖြစ်တယ်။ အကြမ်းဖက်သမားများရဲ့ အဖျက်အမှောင့်လုပ်ရပ်တွေကြောင့် ပျက်စီးဆုံးရှုံးမှုများဟာ အစိုးရတစ်ရပ်အတွက် နစ်နာဆုံးရှုံးမှုမဟုတ်ဘဲ နိုင်ငံတော်ရဲ့ ရှေ့ဆက်လျှောက်လှမ်းမယ့် အမျိုးသားအကျိုးစီးပွားများ နစ်နာဆုံးရှုံးခြင်း ဖြစ်တာကို နားလည်သဘောပေါက်ဖို့ လိုအပ်မှာပဲဖြစ်တယ်။

တို့တပ်မတော်အနေနဲ့ အစိုးရက ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နဲ့အညီ **“နိုင်ငံတစ်ဝန်းရှိ ပြည်သူများရဲ့ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိရန် အလေးထား လုပ်ဆောင်သွားမှာပဲ”** ဖြစ်တယ်။

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

အဲလိုလုပ်ဆောင်ရာမှာ NUG နဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေ၊ ၎င်းတို့ကို ပံ့ပိုးနေတဲ့ EAO အဖွဲ့အစည်းအချို့ကို ပြတ်ပြတ်သားသား အရေးယူ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ဒါ့ကြောင့် ဒုတိယအကြိမ် အရေးပေါ်သက်တမ်းကာလမှာ အရေးကြီးတဲ့ မြို့နယ်တွေကို စစ်အုပ်ချုပ်ရေးအမိန့်များ တိုးမြှင့်သတ်မှတ်ပြီး ထိန်းချုပ်ဆောင်ရွက်လျက်ရှိတယ်။ ဒါဟာ ပြည်သူများကို ထိန်းချုပ်ကန့်သတ်ခြင်းမဟုတ်ဘဲ ဒေသခံပြည်သူလူထု အကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် ဆောင်ရွက်နေကြတဲ့ အကြမ်းဖက်သမားများရဲ့ လုပ်ဆောင်ချက်တွေကို ထိရောက်စွာ ထိန်းချုပ်နိုင်ဖို့ပဲဆိုတာ ထည့်သွင်းပြောကြားလိုတယ်။

*** နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ခိုင်မာစွာ လျှောက်လှမ်းနိုင်ရန်အတွက် လက်ရှိအစိုးရရဲ့ ကြိုးပမ်းလုပ်ဆောင်မှုများကို ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အဖွဲ့ဝင်နိုင်ငံများရဲ့ အချုပ်အခြာအာဏာ တန်းတူညီမျှမှုကိုလေးစားပြီး အပြုသဘောဆောင်စွာ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဒီနေရာကနေတစ်ဆင့် တိုက်တွန်းပြောကြားလို**

**ရဲဘော်တို့**

နိုင်ငံတော်အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ရဲ့ နောက်ဆုံးအချက်မှာ **"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"** ဆိုတဲ့အချက်ကို အတိအလင်း ဖော်ပြထားပြီးဖြစ်တယ်။ **ရွေးကောက်ပွဲကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်ပြီး တရားမျှတစွာနဲ့၊ ပြည်သူများ ဒီမိုကရေစီအခွင့်အရေး မဆုံးရှုံးစေရေး၊ အကြားအလပ်မရှိ မဲပေးနိုင်ရေးကို ဆောလျင်စွာ ဆောင်ရွက်နိုင်ဖို့အတွက် အဓိကလိုအပ်ချက်ဟာ တည်ငြိမ်အေးချမ်းရေးပဲ ဖြစ်တယ်။** အထွေထွေရွေးကောက်ပွဲဟာ ပြည်သူများက သူတို့ရဲ့ အနာဂတ်မျှော်လင့်ချက်အတွက် မဲပေးရွေးချယ်တင်မြှောက်ခြင်း ဖြစ်တယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲကို ပြီးစလွယ်လုပ်လို့မရနိုင်ဘူး၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲပြုလုပ်တဲ့နေ့မှာ ပြည်သူအပေါင်းက ယုံကြည်စွာ မဲပေးခဲ့ပေမဲ့ တိုင်ကြားမှုများစွာရှိခဲ့ပြီး စစ်ဆေးဖော်ထုတ်ရာမှာ မဲစာရင်းများ မသမာမှုပြုလုပ်ခဲ့မှု၊ မဲပေးရာမှာ အမျိုးမျိုးအဖုံဖုံ မသမာမှုများနဲ့ မဲပေးခဲ့ကြမှုများ ပေါ်ပေါက်တာကြောင့် မြန်မာ့ဒီမိုကရေစီသမိုင်းတစ်လျှောက်မှာ အလွန်အကျည်းတန်ခဲ့ရတယ်။ နောက်ဆက်တွဲဖြစ်ပေါ်လာမှုများဟာ နိုင်ငံအတွက် ကြီးမားတဲ့ သင်ခန်းစာဖြစ်ခဲ့ရလို့ အလားတူမဖြစ်ရလေအောင် ဆောင်ရွက်သွားကြရမယ်။ **အထွေထွေရွေးကောက်ပွဲဟာ မြန်မာပြည်သူတွေရဲ့ ရွေးကောက်ပွဲဖြစ်သလို အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို ပုံဖော်ဖန်တီးသွားမှာဖြစ်လို့ တို့တစ်တွေအားလုံး အသိတရားရှိရှိ အမြော်အမြင်ကြီးစွာနဲ့ဆောင်ရွက်ကြဖို့လိုမယ်။** အကြမ်းဖက်အားပေးနိုင်ငံအချို့နဲ့ နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူတချို့က နိုင်ငံတည်ငြိမ်မှု ပျက်ပြားအောင်ပြုလုပ်ပြီး ပြစ်မှုကျူးလွန်တဲ့ CRPH၊ NUG နဲ့ ၎င်းတို့လက်ဝေခံ PDF အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေကို မဖော်ပြဘဲ အစိုးရအပေါ် ပြစ်တင်ဝေဖန်နေတာဟာ အလွန်ပဲလွဲမှားနေတယ်။ NUG နဲ့ ၎င်းတို့လက်ဝေခံ PDF တို့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုများ လုံးဝရပ်ဆိုင်းအောင် ဆောင်ရွက်သွားဖို့ လိုအပ်တယ်။ **တပ်မတော်နဲ့ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံကို ဖျက်ဆီးနေတဲ့ ပြည်သူကိုသတ်နေတဲ့ ဒီအကြမ်းဖက်အဖွဲ့ကို ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်သွားရမှာပဲ ဖြစ်တယ်။ နိုင်ငံတကာ အသိုက်အဝန်းအနေနဲ့ ဒီမိုကရေစီလမ်းကြောင်း မှန်ပေါ်သို့ ခိုင်မာစွာလျှောက်လှမ်းနိုင်ရန်အတွက် လက်ရှိအစိုးရရဲ့ ကြိုးပမ်းလုပ်ဆောင်မှုများကို ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အဖွဲ့ဝင်နိုင်ငံများရဲ့ အချုပ်အခြာအာဏာ တန်းတူညီမျှမှုကို လေးစားပြီး အပြုသဘောဆောင်စွာ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဒီနေရာကနေတစ်ဆင့် တိုက်တွန်းပြောကြားလိုတယ်။** တို့နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ အားလျော်စွာ အာဆီယံနဲ့ဆိုင်တဲ့ အရေးကိစ္စများကို အာဆီယံစိတ်ဓာတ်၊ အာဆီယံအမြင်၊ အာဆီယံ ပဋိညာဉ်တို့နဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ရာမှာ အဓိကအခြေခံအချက်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တို့အပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်သွားမှာပဲဖြစ်တယ်။ အဲဒီကနေတစ်ဆင့် နိုင်ငံရေးရည်မှန်းချက် ၂ ရပ်ဖြစ်တဲ့ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးနဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ တို့တပ်မတော်ကလည်း ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားရမှာပဲဖြစ်တယ်။ **ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက သူတို့ကိုကိုယ်စားပြုတဲ့သူတွေကို ကိုယ်တိုင်ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်ဆိုတာ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေကို စုစည်းလုပ်ကိုင်ရာမှာ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်တယ်။** ဒါ့ကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသား လူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ဖို့အတွက် လက်ရှိရွေးကောက်ပွဲမှာ ကျင့်သုံးနေတဲ့ ဦးသူအနိုင်ယူ (FPTP–First Past The Post) စနစ်အပြင် အချိုးကျကိုယ်စားပြုစနစ် (PR–Proportional Representation) ကိုလည်း ပေါင်းစပ်ကျင့်သုံးဆောင်ရွက်သွားမှာ ဖြစ်တယ်။ အဲဒီအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတိုင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်တယ်။

**ရဲဘော်တို့**

တို့တပ်မတော်အနေနဲ့ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်ဖို့အတွက် ခိုင်ခိုင်မာမာအာမခံထားပြီး ဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများဖြစ်တဲ့ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈ တို့မှာပါဝင်တဲ့ ဒို့တာဝန်အရေး (၃)ပါး၊ ပါတီစုံဒီမိုကရေစီစနစ်၊ ပြည်ထောင်စုစနစ်တို့ကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ပုဒ်မ ၂၀ (စ)အရ တပ်မတော်မှာ အဓိကတာဝန်ရှိတယ်လို့ ဖော်ပြထားပြီးဖြစ်တယ်။ ဒါ့ကြောင့် **တပ်မတော်အနေနဲ့ မည်သည့်ခေတ်၊ မည်သည့်အစိုးရပင်ဖြစ်စေ "ပြည်သူသာအမိ၊ ပြည်သူသာအဖ" လို့ ခံယူပြီး နိုင်ငံတော်ကို ပါတီစုံစနစ်ပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်နိုင်ဖို့အတွက် ထိန်းသိမ်းစောင့်ရှောက်ပေးသူနဲ့ ပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ Guardian အဖြစ် အစဉ်အမြဲ ဆက်လက်တည်ရှိနေမှာဖြစ်**ကြောင်း ပြောကြားလိုတယ်။

**❖ တပ်မတော်အနေနဲ့ မည်သည့်ခေတ်၊ မည်သည့်အစိုးရပင်ဖြစ်စေ "ပြည်သူသာအမိ၊ ပြည်သူသာအဖ" လို့ ခံယူပြီး နိုင်ငံတော်ကို ပါတီစုံစနစ်ပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်နိုင်ဖို့အတွက် ထိန်းသိမ်းစောင့်ရှောက်ပေးသူနဲ့ ပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ Guardian အဖြစ် အစဉ်အမြဲ ဆက်လက်တည်ရှိနေမှာဖြစ်**

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ (၇၈)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များဖြစ်တဲ့–

- ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရေး။
- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

ဆိုတဲ့ ဦးတည်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်တယ်။

## ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မိသားစုက ကျွန်းရှေ့ဝါနှစ်ထပ်ကျောင်းဆောင်သစ် လှူဒါန်းပြောင်းပေးအပ်

နေပြည်တော် မတ် ၂၇

(၇၈)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပထက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မိသားစုက အလျား ပေ၂၄၀၊ အနံ ပေ ၃၀ ၊ အမြင့် ၂၄ ပေရှိ စာသင်ခန်း ၁၈ ခန်းပါ ကျွန်းရှေ့ဝါနှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်မိသားစုက ကျွန်းရှေ့ဝါနှစ်ထပ် ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် ပထက်အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာတေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ်အလှူရှင် ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ကျောင်း၏ သမိုင်းကြောင်းနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မိသားစုက ကျောင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ကွန်ပျူတာ ၁၀ စုံ၊ တိုင်းမှူးက ကွန်ပျူတာ ငါးစုံနှင့် ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မိသားစုက ငွေကျပ် ၅၂၃ သိန်းတန်ဖိုးရှိ ကျောင်းသုံး ပရိဘောဂပစ္စည်းများနှင့် စေတနာရှင်အလှူရှင်များက အလှူငွေ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများက အလေးပြုကြစဉ်။

❂ *ရှေ့ဖုံးမှ*

ဦးစွာ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော် (ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြစစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

## ချီတက်နေရာယူ

ထို့နောက် ဘက်ပိုက်တပ်စုနှင့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌နေရာယူကြပြီး ယန္တရားစစ်ကြောင်းမှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်ထွန်းဦး ဦးဆောင်၍ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြုယန္တရား တပ်ခွဲ၊ ဒုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုယန္တရားတပ်ခွဲ၊ သံချပ်ကာ ယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုယန္တရားတပ်ခွဲ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြုယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြုယန္တရားတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုယန္တရားတပ်ခွဲတို့က ချီတက်နေရာယူကြသည်။

## အနော်ရထာစစ်ကြောင်း

ဆက်လက်ပြီး စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်မြင့်ကျော်ထွန်း ဦးဆောင်၍ အလံတော်အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် စန်းယုနိုင်ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ (၁)၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် အနော်ရထာစစ်ကြောင်း။

## ကျန်စစ်သားစစ်ကြောင်း

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် တင်အောင်ဆွေ ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံးကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၂)၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် ကျန်စစ်သားစစ်ကြောင်း။



(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ဘုရင့်နောင်စစ်ကြောင်း

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ကျော်လင်းဇော်ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ (၂)၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)တို့ ပါဝင်သည့် ဘုရင့်နောင်စစ်ကြောင်း။

## အောင်ဇေယျစစ်ကြောင်း

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်မြင့်ဦး ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြု

*စာမျက်နှာ ၇ သို့*



(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြု (အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ (၄)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြ တပ်ခွဲ (၅)နှင့် ကာကွယ်ရေးဦးစီးချုပ် ရုံး (ကြည်း) ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၆)တို့ ပါဝင်သည့် အောင်ဇေယျစစ်ကြောင်း။

အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် ဗန္ဓုလစစ်ကြောင်း။

စစ်ကြောင်းမှူး ရဲမှူးချုပ် ဝင်းဘို ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**



## ဆင်ဖြူရှင်စစ်ကြောင်း

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ထွန်းဝင်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၂)၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၂)၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၂) တို့ ပါဝင်သည့် ဆင်ဖြူရှင်စစ်ကြောင်း။

## ဗန္ဓုလစစ်ကြောင်း

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ လေကြောင်းချီ စစ်ရေးပြတပ်ခွဲ၊ (အမျိုးသမီး)စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ (၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု (အမျိုးသား) စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု (အမျိုးသား) စစ်ရေးပြတပ်ခွဲ (၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု (အမျိုးသား) စစ်ရေးပြတပ်ခွဲ(၃)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသား) စစ်ရေးပြတပ်ခွဲ (၄) တို့ ပါဝင်သည့် အောင်ဆန်းစစ်ကြောင်းတို့က စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ စစ်ရေးပြကွင်းအတွင်းသို့ အစီအစဉ်အတိုင်း ချီတက်ကြသည်။

## သံပြိုင်ဟစ်ကြွေးသီဆိုချီတက်လာ

ထိုသို့ ချီတက်ချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၏ ဇနီးများက ဂုဏ်ပြုပန်းကုံးများ စွပ်၍ ကြိုဆိုကြသည်။ အလားတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်မိသားစုများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ် အသီးသီးတို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ရုပ်ရှင်ဂီတ အနုပညာရှင်များ၊ ဒေသခံမိဘပြည်သူများက စစ်ကြောင်းကြီးများချီတက်ရာ လမ်းတစ်လျှောက် သောင်းသောင်းဖြဖြ ကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများ စွပ်၍ ကြိုဆိုခဲ့ကြပြီး စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုချီတက်လာကြပြီး စစ်ရေးပြကွင်းအတွင်းသို့ ရောက်ရှိနေရာယူကြသည်။ ယင်းနောက် ဗိုလ်ကြီး ဒေါ်မေမြတ်မူ ဦးဆောင်သည့် အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) စစ်ရေးပြတပ်ခွဲနှင့် ဗိုလ်မှူး ဇော်ဇေယျာဝင်း ဦးဆောင်သည့် တပ်မတော် (ရေ) အထူးတပ်ဖွဲ့ စစ်ရေးပြတပ်ခွဲတို့က စစ်ရေး ပြကွင်းအတွင်းသို့ ဆက်လက်ရောက်ရှိနေရာယူကြသည်။

အဆိုပါ (၇၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ မောင်မောင်အေး၊ *စာမျက်နှာ ၈ သို့*





**စစ်ရေးပြစစ်ကြောင်းကြီးများမှ အမျိုးသမီး စစ်ရေးပြတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်။

*စာမျက်နှာ ၇ မှ*

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစားသံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့်နယ်ခြားစောင့်ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည် တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့အလှူရှင်များ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်သဘင်ဂီတ အစည်းအရုံးနှင့် သေနင်္ဂဗျူဟာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

## စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းသို့ ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌ နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားသည်။ **(မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ – ၃၊ ၄၊ ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် မြင့်ကျော်ထွန်း ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ညီညာစွာ ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ MI-2 M ရဟတ်ယာဉ် ၂ စင်း စောင့်ကြပ်လိုက်ပါလာသည့် MI-17 သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် ၁ စင်းက "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ"ကို ချိတ်ဆွဲ၍လည်းကောင်း၊ MI-35P ရဟတ်ယာဉ် ၃ စင်းက "တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံ"တို့ကို ချိတ်ဆွဲ၍ လည်းကောင်း၊ Su-30 SME စတုတ္ထမျိုးဆက်လွန်ဘက်စုံသုံး အကြီးစားတိုက်လေယာဉ် တစ်စင်းနှင့် MiG-29 ဘက်စုံသုံးတိုက်လေယာဉ် ၂စင်းတို့က ဝဲပတ်ပျံသန်း၍ လည်းကောင်း၊ H-125 ရဟတ်ယာဉ် တစ်စင်းနှင့် Eurocopter ၂ စင်းတို့က Composite Formation အမျိုးအစားမတူသော ရဟတ်ယာဉ်များ အုပ်ဖွဲ့ပျံသန်းခြင်း ပုံစံဖြင့်လည်းကောင်း၊ MTX-1 A လေယာဉ်တစ်စင်းနှင့် PT-6 လေယာဉ် ၅ စင်းတို့က Composite Wedge Formation အမျိုးအစားမတူသည့် လေယာဉ်များ အုပ်ဖွဲ့ပျံသန်းခြင်း ပုံစံဖြင့် လည်းကောင်း၊ Y-12 IV အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်းနှင့် Grob-120 TP လေယာဉ် ၂ စင်းတို့က အမျိုးအစားမတူသော Vic Formation ပုံစံဖြင့်လည်းကောင်း၊ MTX-1A လေယာဉ် တစ်စင်းနှင့် PT-6 လေယာဉ် ၅ စင်းတို့က Composite Wedge Formation အမျိုးအစား မတူသည့် လေယာဉ်များ အုပ်ဖွဲ့ပျံသန်းခြင်းပုံစံဖြင့် ရှုရပ်၏ ညာဘက် ၄၅ ဒီဂရီ မြင်ကွင်းမှ Landing Light များကို ဖွင့်၍လည်းကောင်း၊ ATR-42 အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် ၁ စင်းနှင့် BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် ၂ စင်းတို့က အမျိုးအစား မတူအုပ်ဖွဲ့ပျံသန်းခြင်း Composite Formation ပုံစံဖြင့် ရှုရပ်၏ ဘယ်ဘက် ၄၅ ဒီဂရီမြင်ကွင်းမှ လည်းကောင်း။

## အသီးသီးသရုပ်ပြပျံသန်း

ထို့နောက် K-8 W ဂျက်တိုက်လေယာဉ် ၆ စင်းက Wedge Formation အုပ်ဖွဲ့ ပျံသန်းခြင်းပုံစံဖြင့် ပျံသန်းပြီး နိုင်ငံတော်အလံ ကိုယ်စားပြု အဝါရောင်၊ အစိမ်းရောင်၊ အနီရောင်မီးခိုးများကိုထုတ်လွှတ်၍ လည်းကောင်း၊ A-5JK ဗုံးကြဲတိုက်လေယာဉ် တစ်စင်းနှင့် Yak-130 ဂျက်တိုက်လေယာဉ် ၄ စင်းတို့က Composite Head Formation အမျိုးအစားမတူ မြားခေါင်းပုံ အုပ်ဖွဲ့ပျံသန်းခြင်း ပုံစံဖြင့်လည်းကောင်း၊ K-8 W ဂျက်လေယာဉ် ၆ စင်းက ဒုတိယအကြိမ်အဖြစ် Vulcan Formation အုပ်ဖွဲ့ပျံသန်းခြင်းပုံစံဖြင့် ပျံသန်းပြီး နိုင်ငံတော်အလံကိုယ်စားပြု အဝါရောင်၊ အစိမ်းရောင်၊ အနီရောင် မီးခိုးများကို ထုတ်လွှတ်၍ လည်းကောင်း၊ FTC-2000G ဂျက်တိုက်လေယာဉ် ၅ စင်းက Arrow Head Formation မြားခေါင်းပုံ အုပ်ဖွဲ့ပျံသန်းခြင်း ပုံစံဖြင့်လည်းကောင်း၊ MiG- 29 ဘက်စုံသုံး ဂျက်လေယာဉ် ၅ စင်းက Arrow Head Formation မြားခေါင်းပုံ အုပ်ဖွဲ့ပျံသန်းခြင်း ပုံစံဖြင့် လည်းကောင်း၊ FTC-2000G ဂျက်တိုက်လေယာဉ် ၅ စင်းက Arrow Head Formation မြားခေါင်းပုံ အုပ်ဖွဲ့ပျံသန်းခြင်း ပုံစံဖြင့် ရှုရပ် ရှေ့တည့်တည့်မှ ဒုတိယအကြိမ်ပျံသန်း၍လည်းကောင်း၊ MiG- 29 ဘက်စုံသုံး ဂျက်လေယာဉ် ၅ စင်းက Arrow Head Formation မြားခေါင်းပုံ အုပ်ဖွဲ့ပျံသန်းခြင်း ပုံစံဖြင့် ရှုရပ် ရှေ့တည့်တည့်မှ မီးကျည်များထုတ်လွှတ်ကာ Fan Break ခေါ်ယပ်တောင်ပုံ ခွဲထွက်ပျံသန်း၍ လည်းကောင်း အသီးသီးသရုပ်ပြပျံသန်းကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကာ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာခဲ့ပြီး ၂၀၂၃ ခုနှစ်၊ (၇၈) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

(၇၈)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြကျင်းပသော နေပြည်တော်စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကိုလည်းကောင်း၊ တပ်မတော်နေ့ မီးရှူးတိုင်နှင့် (၇၈) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တံဆိပ်ကြီးကိုလည်းကောင်း ဝင့်ထည်စွာ တွေ့မြင်နိုင်သည့်အပြင် ဗမာ့လွတ်လပ်ရေး တပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံးအလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ် အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ အမှတ်တံဆိပ်ပါ ရောင်စုံအလံများ တလွင့်လွင့် လွင့်ထူထားကြသည်ကိုလည်း တွေ့မြင်နိုင်သည်။

ထို့အပြင် (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေး ကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိပြီး စစ်ရေးပြကွင်းရှေ့ရှိ လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဆိုင်းဘုတ်များစိုက်ထူကာ စာတန်းများကိုလည်း ချိတ်ဆွဲထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက (၇၈) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့တက်ရောက်ကြသည့် တပ်မတော်တွင်တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား ဂါရဝပြုကန်တော့စဉ်။

# (၇၈) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဦးဆောင်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့

**နေပြည်တော် မတ် ၂၇**

ယနေ့ ကျရောက်သည့် (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစား တပ်မတော် အရာရှိကြီးများအား တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ညှိနှိုင်းခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အငြိမ်းစားတပ်မတော်အရာရှိကြီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

## တက်ရောက်ဂါရဝပြုကန်တော့

အဆိုပါ ဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစားတပ်မတော်အရာရှိကြီး ၁၉ ဦးနှင့် ဇနီး ၇ ဦးတို့ ကန်တော့ခံတက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက တက်ရောက်ဂါရဝပြုကန်တော့ကြသည်။

## တပ်မတော်၏ အစဉ်အလာကောင်းတစ်ခုဖြစ်

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂါရဝပြုစကား ပြောကြားရာတွင် တပ်မတော်၏ အစဉ်အလာနှင့်အညီ မိမိတို့အနေဖြင့် အစဉ်အဆက် တာဝန်များကို ဆက်ခံခဲ့ကြသူများဖြစ်ပြီး အခမ်းအနားတက်ရောက် လာကြသည့် တပ်မတော်အငြိမ်းစားအရာရှိကြီးများသည် မိမိတို့၏ မိဘဆရာများပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နှစ်စဉ်နှစ်တိုင်း ယခုအချိန်ကာလတွင် ဂါရဝပြုကန်တော့လျက် ရှိပါကြောင်း၊ ယခုကဲ့သို့ တပ်မတော်နေ့များသို့ နှစ်စဉ် တက်ရောက်ချီးမြှင့်ပေးသည့်အတွက်လည်း ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ဗုဒ္ဓဘာသာအစဉ်အလာနှင့်အညီ ယခုကဲ့သို့ အထက်အောက်ရိုသေလေးစားမှုဖြင့် ကျေးဇူးတရားကို သိရှိစွာ ဂါရဝပြုကန်တော့ခြင်းသည် မိမိတို့တပ်မတော်၏ အစဉ်အလာကောင်းတစ်ခုပင် ဖြစ်ပါကြောင်း ပြောကြားသည်။

## မြန်မာ့ရိုးရာထုံးတမ်း အစဉ်အလာနှင့်အညီ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသည့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်း အစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြသည်။

## ရိုသေစွာ ဂါရဝပြုပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ဇနီး၊ တပ်မတော် အရာရှိကြီးများက အငြိမ်းစား တပ်မတော်အရာရှိကြီးများထံ ဂါရဝပြု လက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာ ဂါရဝပြု ပေးအပ်ကြသည်။

## ဩဝါဒစကားများ ပြန်လည်ပြောကြား

ဆက်လက်၍ ကန်တော့ခံ အငြိမ်းစား တပ်မတော်အရာရှိကြီးများ ကိုယ်စား ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်တို့က ဩဝါဒစကားများ ပြန်လည်ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် အငြိမ်းစားတပ်မတော် အရာရှိကြီးများနှင့် ဇနီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

## ရင်းရင်းနှီးနှီး နှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အငြိမ်းစားတပ်မတော်အရာရှိကြီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

# (၇၈) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၇

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က တည်ခင်းဧည့်ခံသည့် ၂၀၂၃ ခုနှစ်၊ (၇၈) နှစ်မြောက် တပ်မတော် နေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥယျာဉ်ပြင်၌ ကျင်းပပြုလုပ်သည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

### မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်

ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၇၈) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အဖြစ် တပ်မတော်နေ့ စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာ တို့မှ မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်ကြသည်။

### ဧည့်သည်တော်များ တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကောင်စီ အတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွတ်လပ်ရေး မော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေး ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစားသံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြား စစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေး ပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟို အကြံပေးကွပ်ကဲရေး အဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာန အသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေ အသင်းကြီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အသင်း ဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့အလှူရှင်များ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင် သဘင် ဂီတ အစည်းအရုံးနှင့် သေနင်္ဂဗျူဟာ လေ့လာရေး အဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### ရင်းရင်းနှီးနှီး နှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် (၇၈) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(၇၈) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် ပြင်ပအနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

### ဖျော်ဖြေမှုများ ကြည့်ရှုအားပေး

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဇေယျာသီရိဗိမာန် သဘင်ဆောင်အတွင်း၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ စစ်သည်၊ စစ်သမီးများက မြဝတီ တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ယိမ်းအကအလှများ၊ တေးသရုပ်ဖော်မှုများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

### ဂုဏ်ပြုပန်းခြင်းများ ပေးအပ်

ကပြဖျော်ဖြေမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့က သီဆိုဖျော်ဖြေခဲ့ကြသည့် စစ်သည်၊ စစ်သမီးများအား အမှတ်တရ ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂါရဝပြု လက်ဆောင်ပေးအပ်စဉ်။

❖ *ကျောဖုံးမှ*

**အားပေးစကားပြောကြား**

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များ၏ ကျန်းမာရေးအခြေအနေများအား တစ်ဦးချင်းမေးမြန်း အားပေးစကားပြောကြားပြီး အားဖြည့်ငှက်သိုက်များနှင့် ဂါရဝပြုချီးမြှင့်ငွေများကို ကိုယ်တိုင်ကိုယ်ကျ ဂါရဝပြုပေးအပ်ကြသည်။

**စားသောက်ဖွယ်ရာများအတူတကွသုံးဆောင်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များနှင့်အတူ လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများအား အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၇**

(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စုရပ်သစ်တပ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

ဦးစွာ ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်မြင့်ကျော်ထွန်း ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများက အလေးပြုကြသည်။



တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး စံပြတပ်ခွဲပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲကို ဒိုင်းဆုချီးမြှင့်စဉ်။

ထို့နောက် ဂုဏ်ပြုဆုများ၊ အလံအဖွဲ့အကောင်းဆုံးဆုနှင့် စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုများ ရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြု (အမျိုးသမီး)(အရာရှိ) စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အထူးတပ်ဖွဲ့ စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ ဒုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြုယန္တရားတပ်ခွဲ၊ တပ်မတော်(ကြည်း) အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့၊ လေအိတ်ပုလွေ တီးဝိုင်းအဖွဲ့၊ အောင်ဇေယျစစ်ကြောင်း(အမျိုးသမီး) အလံအဖွဲ့၊ မြင်းစီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုရရှိသည့် ဆင်ဖြူရှင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ အလံအဖွဲ့ အကောင်းဆုံးဆုရရှိသည့် ဘုရင့်နောင်စစ်ကြောင်း အလံတော်အဖွဲ့တို့ကို စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း က ဂုဏ်ပြုဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသမီး) တပ်ခွဲစစ်ရေးပြ တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)၊ အကောင်းဆုံးစခန်း တတိယဆုရရှိသည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်း အကောင်းဆုံး တတိယဆုရရှိသည့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံးတတိယဆုရရှိသည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီး) စစ်ရေးပြ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသား) စစ်ရေးပြ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသား) စစ်ရေးပြ တပ်ခွဲ(၃)၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသမီး)စစ်ရေးပြ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ အကောင်းဆုံးစခန်း ဒုတိယဆုရရှိသည့် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်း အကောင်းဆုံး ဒုတိယဆုရရှိသည့် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ဒုတိယဆုရရှိသည့် ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြ အကောင်းဆုံး ဒုတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီး)စစ်ရေးပြ ပထမဆုရရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား)စစ်ရေးပြ ပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသား)စစ်ရေးပြတပ်ခွဲ(၁)၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသမီး)စစ်ရေးပြ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ အကောင်းဆုံးစခန်း ပထမဆုရရှိသည့် သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်း အကောင်းဆုံးပထမဆုရရှိသည့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်း အကောင်းဆုံး ပထမဆုရရှိသည့် ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်ရေးပြအကောင်းဆုံး ပထမဆုရရှိသည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြ တပ်ခွဲတို့ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် (၇၈)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အုပ်ဖွဲ့ပျံသန်းအဖွဲ့ ဂုဏ်ပြုဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အုပ်ဖွဲ့ပျံသန်းအဖွဲ့၊ စံပြတပ်ခွဲ တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသည့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲနှင့် စံပြတပ်ခွဲ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲများကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်



**နေပြည်တော် မတ် ၂၇**

(၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် **"စောင်နီလေးတစ်ထည်"** ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှော်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

### ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

ထို့နောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး က **"စောင်နီလေးတစ်ထည်"** ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင်များဖြစ်ကြသည့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ ကျော်ဇောဟိန်း၊ L နေနေဒ်၊ နက္ခတ်၊ L ဆိုင်းဇီ၊ သီဟနိုင်၊ နေရောင်၊ သားထွေး၊ ယမုံမြင့်မြတ်၊ ဒါရိုက်တာ ဗိုလ်မှူး တင်အောင်စိုး (ပန်းမြို့တော်)၊ ဇာတ်ညွှန်း မျိုးမြင့်ရန်နောင်၊ တွဲဖက်ဒါရိုက်တာ ထွန်းကျောက်ခဲ၊ ဦးသိန်းထွန်းအောင်၊ ဦးပြည့်ဖြိုးဟန်၊ ဒေါက်တာ ဟိန်းထက်အေး၊ ကိုကိုဝင်း၊ သက်မူဝင်းနှင့် ဗညားရဲရင့်တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းက (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသည့် ဂုဏ်ပြုစစ်ချီသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ အောင်ဇော်ဦး(ရဲတီးဝိုင်း)၊ ဒုတိယဆုရရှိသူ ဒုတိယတပ်ကြပ် လှိုင်ဝင်းထွန်း၊ စတုတ္ထဆုရရှိသူ ဇော်မျိုးထွန်း၊ ပဉ္စမဆုရရှိသူ မြင့်မိုရ်ဦး (သဇင်)၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ ဇာမဏီ၊ ဒုတိယဆုရရှိသူ ကျော်ဆွေအောင်၊ တတိယဆုရရှိသူ မြင့်မိုရ်ဦး(သဇင်)၊ စတုတ္ထဆုရရှိသူ မြင့်မြတ်ဦး(မြဝတီ)၊ ပဉ္စမဆုရရှိသူ ရှိန်မြင့်ထက်(ဝါးကြီးအိုင်)၊ ကဗျာ(ဝါသနာရှင်)ပြိုင်ပွဲတွင် ပထမဆုရရှိသူ သက်ဝေ၊ ဒုတိယဆုရရှိသူ လုလင်(မှော်ဝန်းမြေ)၊ တတိယဆုရရှိသူ အန်ကယ်ပညာ၊ စတုတ္ထဆုရရှိသူ ရှိန်မြင့်ထက်(ဝါးကြီးအိုင်)၊ ပဉ္စမဆုရရှိသူ သဥ္ဇာညိုသင်း(လားရှိုး)၊ အထူးဆု(၁)ရရှိသူ ကျော့ဝင်း(မိုးညှင်း)၊ အထူးဆု(၂)ရရှိသူ ရဲမွန်ကျော်၊ အထူးဆု(၃)ရရှိသူ သောင်းဌေး (တောင်တွင်း)တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

စာမူပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းက ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသည့် ဂုဏ်ပြုကဗျာ (အလွတ်တန်း)ပြိုင်ပွဲတွင် ပထမဆုရရှိသူ ပုလော စိုးနံ့သာ၊ ဒုတိယဆုရရှိသူ မြတ်ထွန်းနောင်၊ တတိယဆုရရှိသူ ညောင်ရွှေ ခင်မောင်မြ၊ စတုတ္ထဆုရရှိသူ အမောင်၊ ပဉ္စမဆုရရှိသူ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ ဂုဏ်ပြုဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိသူ တက္ကသိုလ်မြမဥ္ဇူ၊ ဒုတိယဆုရရှိသူ နေဇင်(ပေါက်ခေါင်း)၊ ပဉ္စမဆုရရှိသူ မျိုးမြင့်ရန်နောင်၊ အထူးဆု(၁)ရရှိသူ ယိမ်းနွဲ့လျှံ၊ အထူးဆု(၂)ရရှိသူ အမောင်၊ အထူးဆု(၃)ရရှိသူ မသန်းလွင်(ဟဲဟိုး)၊ ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ရဲဘော် ထွန်းထွန်း(တနိုင်း)၊ ဒုတိယဆုရရှိသူ နွေကံ့ကော် (မြို့လှ)၊ တတိယဆုရရှိသူ မောင်မောင်လွင်(ရွှေဘိုသား)၊ စတုတ္ထဆုရရှိသူ မောင်လူစိမ်း (ကျုံပျော်)၊ ပဉ္စမဆုရရှိသူ သန်းဝင်းထွန်း(ဆွာ)တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း အသီးသီးပေးအပ်ကြသည်။

### လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ

အခမ်းအနားအပြီးတွင် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး က တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး**(အပေါ်ပုံ)** အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး (၇၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု

**ဘားအံ မတ် ၂၇**

ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး ဒေါ်နန်းဘောဘီမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများသည် မတ် ၂၇ ရက် နံနက် ၇ နာရီခန့်က မွန်ပြည်နယ် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ရေးပြကွင်း၌ ကျင်းပသည့် (၇၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုသည်။

အခမ်းအနားတွင် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ရေးပြတပ်ခွဲများက စစ်ကြောင်းပုံစံဖြင့် ကွင်းအတွင်း ချီတက်နေရာယူကြပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးက တပ်မတော်နေ့ မိန့်ခွန်းပြောကြားကာ စွမ်းရည်ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါအခမ်းအနားသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မိသားစုဝင်များ၊ တပ်ရင်းတပ်ဖွဲ့မှူးများနှင့် အရာရှိ စစ်သည်မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။



ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းသမိုင်းပြခန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ် ကျော်သူရအေးတို့က တိုင်းသမိုင်းပြခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ **(အောက်ဝဲပုံ)** တိုင်းသမိုင်းပြခန်းကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ပြခန်းအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ (၇၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ ဘားအံ–လှိုင်းဘွဲကားလမ်းမကြီးဘေးရှိ ဘားအံဂေါက်ကလပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ အမှတ်(၂၂) ခြေလျင်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီး ကျော်စိုးလင်းနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ဇော်တို့က ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို အမှတ်(၂၂) ခြေလျင်တပ်မဌာနချုပ်မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး အမျိုးသားအသက်ကြီးတန်း၊ အကြီးတန်း Handicap (0 to 18) နှင့် အငယ်တန်း Handicap (19 to 24) ဟူ၍ပြိုင်ပွဲအမျိုးအစား သုံးမျိုးခွဲကျင်းပခဲ့ရာပြည်နယ်အတွင်းမှ ဂေါက်သီးရိုက်အားကစားသမား ၉၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးသည်။

### ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ မတ် ၂၆ ရက် မွန်းလွဲ ၃ နာရီခန့်က ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဖွဲ့ကပင်အားကစားကွင်း၌ ကျင်းပလျက်ရှိသော ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များအဖြစ် ဖာပွန်မြို့နယ်ဘောလုံးအသင်းနှင့် ကြာအင်းဆိပ်ကြီးမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို သွားရောက်ကြည့်ရှု အားပေးခဲ့ကြပြီး အဆိုပါပွဲစဉ်တွင် ဖာပွန်မြို့နယ်အသင်းက ကြာအင်းဆိပ်ကြီးမြို့နယ်အသင်းအား လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က အကောင်းဆုံးအားကစားသမား ဆုရရှိသူအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## မုံရွာမြို့၌ နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်လှစ်

**နေပြည်တော် မတ် ၂၇**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက် စာရေးတန်းလမ်းရှိ အရှည် ပေ ၂၇၈၀၊ အကျယ် ၁၈ ပေနှင့် ထု ၃ လက်မခွဲရှိ နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက နိုင်လွန်ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး(**အပေါ်ပုံ**) လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် (၇၈) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တိုင်း စစ်ဌာနချုပ်၏ (၇၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်အတွင်းရှိ တန်းစီကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



ရှေးဦးစွာ စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ပြီး တိုင်းမှူးက (၇၈)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် (၇၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ပထမဆုရရှိကြသည့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား လည်းကောင်း၊ အရာရှိစစ်သည် / ရဲမေ ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အရာရှိ၊ စစ်သည်/ရဲမေများအား လည်းကောင်း၊ ရဲမေ လက်နက်ငယ် (ဖြုတ်/တပ်)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရဲမေများအား လည်းကောင်း တိုင်းမှူးက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် စစ်ရေးပြအခမ်းအနားတွင် ပါဝင်သရုပ်ပြဖျော်ဖြေပေးသည့် စစ်တီးဝိုင်းအဖွဲ့အား ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## တနိုင်းမြို့နယ်၌ (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်

**တနိုင်း မတ် ၂၇**

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ (၇၈)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဦးက တပ်မတော်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားကာ ပန်းချီဆရာ ဦးကောင်းထက်လွင်က ပန်းချီပြိုင်ပွဲဝင်တွင် ဆုရရှိသည့် ပန်းချီများအား ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပန်းအိ(တနိုင်း)**

## ထူးခြားသည့်နေ့အပူချိန်များ

**နေပြည်တော် မတ် ၂၇** – ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် ဘော်လခဲမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာမချမ်းဘောမြို့တွင် ဝ ဒသမ ၁၆ လက်မနှင့် ပူတာအိုမြို့တွင် ဝ ဒသမ ဝ၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက် ဂုဏ်ပြု



**မြစ်ကြီးနား မတ် ၂၇**

(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ယနေ့ နံနက် ၇ နာရီခွဲက တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ စစ်ရေးပြမှူးနှင့် စစ်ရေးပြတပ်ခွဲများက စစ်ကြောင်းပုံဖြင့် ချီတက်၍ စစ်ရေးပြအစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်နယ်များမှ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိစစ်သည်မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြသည်။

ဆက်လက်၍ တိုင်းမှူးက တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် တပ်မတော်အရာရှိစစ်သည် မိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၇၈) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား မြင်ကွင်းပုံရိပ်များ





(၇၈) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် စစ်ကြောင်းကြီးများ ချီတက်ကြစဉ်။





(၇၈) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။



(၇၈) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ယန္တရားစစ်ကြောင်း ချီတက်စဉ်။





# (၇၈) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား မြင်ကွင်းပုံရိပ်များ







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အား တပ်မတော် (လေ) မှ လေယာဉ်များက ပျံသန်းအလေးပြုကြစဉ်။








စစ်ကြောင်းများချီတက်ကြစဉ်။





(၇၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။



(၇၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်သည့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ။

# (၇၈)နှစ်မြောက် တပ်မတော်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း အပြစ်မဲ့ ပြည်သူများစုဝေး၍ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်နေသည့် နေရာများအား ရက်စက်ယုတ်မာစွာ ၁၀၇ မမ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ရန် စီစဉ်လျက်ရှိသည့် နေပြည်တော် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို အချိန်မီကြိုတင် သတင်းလက်ဦးမှု ရယူဖမ်းဆီးရမိ



စိန်လွင်(ခ)မောင်စိန်(ခ)ခရေ



ဝင်းမျိုးထက်(ခ)ဝင်းနိုး(ခ) ဘီလား



ဟန်ဇော်မင်း



ခင်မျိုးသက် (ဟန်ဇော်မင်း၏ဇနီး)

နေပြည်တော် မတ် ၂၇

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် PDF အမည်ခံအဖွဲ့များသည် ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်း၊ ဒလန်ဟုစွပ်စွဲကာဖမ်းဆီး၍ အကျပ်ကိုင်ခြင်း၊ ငွေကြေးတောင်းခံမှုများအပြင် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန်နှင့် သေကျေပျက်စီးစေရန် ရည်ရွယ်၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် အဝေးမှ ပစ်ခတ်ခြင်းတို့ကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

## နယ်မြေလုံခြုံရေးဆောင်ရွက်

ထိုသို့ပြစ်မှုများ ကျူးလွန်လျက်ရှိသည့် CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ နေပြည်တော် PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် (၇၈)နှစ်မြောက် တပ်မတော်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း အပြစ်မဲ့ပြည်သူများ စုဝေး၍ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်နေသည့် နေရာများ၊ ခမ်းနားထည်ဝါစွာ စစ်ရေးပြအခမ်းအနား ကျင်းပပြုလုပ်နေသည့် စစ်ရေးပြကွင်း (ရှမ်းစု) နေရာတို့ကို ရက်စက်ယုတ်မာသော အကြံဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းများနှင့် ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် အဝေးမှ ပစ်ခတ်ရန် စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေပြည်တော်ကောင်စီနယ်မြေအတွင်း ကွက်ပြည့်နှင်း နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် အဝေးမှ နှောင့်ယှက်ပစ်ခတ်ရန် စီစဉ်လျက်ရှိသည့် နေပြည်တော် PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ စိန်လွင်(ခ) မောင်စိန်(ခ)ခရေ ကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာ အဝေရာဆည် အနီးရှိ သရက်ခြံအတွင်း၌ ၁၀၇ မမ ရှော့တိုက်ဒုံး တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ စိန်လွင်(ခ)မောင်စိန်(ခ)ခရေ၏ ထွက်ဆိုချက်အရ ယင်းနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာ အဝင်လမ်း အရှေ့ဘက်ရှိ တောင်ယာတဲ၌ ဝင်းမျိုးထက်(ခ)ဝင်းနိုး(ခ) ဘီလားကို ထပ်မံဖမ်းဆီးရမိခဲ့သည်။ တရားခံ ဝင်းမျိုးထက်(ခ)ဝင်းနိုး(ခ) ဘီလား၏ ထွက်ဆိုချက်အရ ၎င်း၏ယောက်ဖဖြစ်သူ NLD ပါတီဝင် အုပ်ချုပ်ရေးမှူးဟောင်း တရားခံပြေး ဟန်ဇော်မင်းနှင့် ခင်မျိုးသက်တို့ လင်မယားပိုင်ဆိုင်သည့် ဇီးဖြူပင်ကျေးရွာရှိ နေအိမ်ခြံဝင်းအတွင်း၌ ၁၀၇ မမ ရှော့တိုက်ဒုံး တစ်လုံး သိုဝှက်သိမ်းဆည်းထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ နေအိမ်ခြံဝင်းအတွင်း မြေမြှုပ်သိမ်းဆည်းထားသော ၁၀၇ မမ ရှော့တိုက်ဒုံး တစ်လုံး ထပ်မံသိမ်းဆည်းရမိခဲ့သည်။

## ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၁၀၇ မမရှော့တိုက်ဒုံး နှစ်လုံး၏ ထိပ်ဖူးများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို အဝေရာဆည်အနီးနှင့် ဇီးဖြူပင်ရွာတို့၌ ဝှက်ထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ အဝေရာဆည်အနီး ချုံပုတ်အတွင်းမှ ၁၀၇ မမ ရှော့တိုက်ဒုံး ထိပ်ဖူး နှစ်ခု၊ ဆားကစ်ပြား နှစ်ခုနှင့် Remote တစ်ခု တို့ကိုလည်းကောင်း၊ ဇီးဖြူပင်ရွာနေ တရားခံပြေး သန်းထွန်း(ခ)ချင်းတွင်း၏ နေအိမ်အတွင်းမှ MG–1 လက်ပစ်ဗုံး တစ်လုံး၊ လက်ပစ်ဗုံးစနက်တံ လေးခု၊ လျှပ်စစ် ဒီတိုနေတာ ၁၆ ခု၊ ယမ်းပျော့ လေးချောင်းနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

## ထပ်မံသိမ်းဆည်းရမိ

ထို့အပြင် မတ် ၂၅ ရက် ညနေပိုင်းတွင် ဖမ်းဆီးရမိတရားခံများကို နေပြည်တော် PDF အမည်ခံအကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဖမ်းဆီးရန်ကျန်တရားခံ ဗိုလ်တေဇ(ခ)ဟန်မင်းထွန်းမှ ၁၀၇ မမ ရှော့တိုက်ဒုံး ပစ်ခတ်နည်း သင်ကြားပေးခဲ့သည့် မရမ်းတောင်(အထက်)ကျေးရွာ အနီး၌ သိုဝှက်သိမ်းဆည်းထားသည့် ပစ္စတိုအပစ်လက်ကိုင် တစ်ခု၊ စနိုက်ပါမှန်ပြောင်း တစ်ခု၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံး၊ ၁၂ ဗို့ကျည် ၁၄၆ တောင့်၊ ယမ်းပျော့ တစ်ချောင်း၊ ယမ်းမှုန့် ၅၀ ကျပ်သား၊ အစိမ်းရောင် ကျောပိုးအိတ် တစ်လုံး၊ ပြောက်ကျားပုခက် လေးခု၊ သေနတ်လွယ်ကြိုးတစ်ချောင်းနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား နှစ်ဦးကို ၁၀၇ မမ ရှော့တိုက်ဒုံး နှစ်လုံး၊ ၁၀၇ မမ ရှော့တိုက်ဒုံး ထိပ်ဖူး နှစ်ခု၊ ဆားကစ်ပြား နှစ်ခု၊ Remote တစ်ခု၊ ပစ္စတိုအပစ်လက်ကိုင် တစ်ခု၊ စနိုက်ပါမှန်ပြောင်း တစ်ခု၊ MG–1 လက်ပစ်ဗုံး တစ်လုံး၊ လက်ပစ်ဗုံးစနက်တံ လေးခု၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံး၊ ၁၂ ဗို့ကျည် ၁၄၆ တောင့်၊ လျှပ်စစ် ဒီတိုနေတာ ၁၆ ခု၊ ယမ်းပျော့ ငါးချောင်း၊ ယမ်းမှုန့် ၅၀ ကျပ်သား၊ အစိမ်းရောင် ကျောပိုးအိတ် တစ်လုံး၊ ပြောက်ကျားပုခက် လေးခု၊ သေနတ်လွယ်ကြိုး တစ်ချောင်းနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

*စာမျက်နှာ ၁၇ သို့*



၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာ အဝေရာဆည်အနီး ချုံပုတ်အတွင်းမှ သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် တရားခံပြေး သန်းထွန်း(ခ)ချင်းတွင်း ပိုင်ဆိုင်သည့် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာရှိ နေအိမ်အတွင်းမှ သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။







တရားခံ စိန်လွင်(ခ)မောင်စိန်(ခ)ခရေ နှင့်အတူ သိမ်းဆည်းရမိခဲ့သည့် ၁၀၇ မမ ရှော့တိုက်ဒုံး တစ်လုံး၏ မှတ်တမ်းဓာတ်ပုံ။




၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာရှိ NLD ပါတီဝင် တရားခံပြေး ဟန်ဇော်မင်း၏ နေအိမ်ခြံဝင်းအတွင်းမှ သိမ်းဆည်းရမိခဲ့သည့်၁၀၇ မမ ရှော့တိုက်ဒုံး တစ်လုံး၏ မှတ်တမ်းဓာတ်ပုံ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်းရှိ

(၂၇-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၁၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၆၁,၁၆၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၇၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၉၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင် ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၃-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၅ | ၂၁၆၀ | ၂၁၃၅ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၀ | ၂၄၂၀ | ၂၈၁၀ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၀၅ | ၂၂၄၅ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၅၅ | ၂၁၀၀ | ၂၁၀၀ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၇၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၃၅ | ၂၁၈၀ | ၂၁၈၀ | ၂၁၄၀ | ၂၁၈၀ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၈၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၅၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၃၅ | ၂၁၈၀ | ၂၁၈၀ | ၂၁၄၀ | ၂၁၈၀ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၈၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၅၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၆၉ |
| 95 Ron | ၂၀၈၅ | ၂၁၆၁ |
| HSD (500 ppm) | ၁၉၅၁ | ၂၀၁၉ |
| HSD (50 ppm) | ၂၀၂၅ | ၂၀၉၅ |
| HSD (10 ppm) | ၂၀၂၅ | ၂၀၉၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့
## သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မတ်လ ၂၇ ရက်၊ တနင်္လာနေ့

၁။ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်၊ စနေနေ့၊ နံနက် ၆ နာရီ မိနစ် ၃၀ ခန့်တွင် ကရင်ပြည်နယ်၊ မြဝတီမြို့၊ မြဝတီကုန်သွယ်ရေးဇုန်အား KKO (ခွဲထွက်) အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၍ မီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့ရာ ကုန်သွယ်ရေးဇုန်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၃ ဦး၊ အကောက်ခွန်ဝန်ထမ်း ၁ ဦးနှင့် အပြစ်မဲ့ပြည်သူ ၁ ဦး သေဆုံး၍ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ကုန်သွယ်ရေးဇုန်အဆောက်အဦနှင့် X-Ray စက်တို့ မီးလောင်ပျက်စီးခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးသာမက တစ်နိုင်ငံလုံးရှိ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ကြသည့် ပြည်သူများ၏ စားဝတ်နေရေးအတွက် အဓိကကုန်စည်ပို့ဆောင်ရာ နေရာဖြစ်သော မြဝတီကုန်သွယ်ရေးဇုန်အား အနှောင့်အယှက်ပေးရန် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ဖျက်ဆီးခဲ့သည့် အကြမ်းဖက်အဖွဲ့များ၏ ဆင်ခြင်မှုကင်းမဲ့သည့် အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)
## အကြမ်းဖက်လုပ်ဆောင်မှုများကို
## ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက်
၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်

၁။ ကရင်ပြည်နယ်၊ မြဝတီမြို့ရှိ မြဝတီကုန်သွယ်ရေးဇုန်အား ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကာ ကုန်သွယ်ရေးဇုန်အဆောက်အဦနှင့် X-Ray စက်တို့ ပျက်စီးခဲ့သည့်အပြင် အပြစ်မဲ့ပြည်သူတစ်ဦး၊ ဝန်ထမ်းတစ်ဦးနှင့် လုံခြုံရေးဝန်ထမ်းအချို့ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများဖြစ်ပွားခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

၂။ အဆိုပါအကြမ်းဖက်အဖွဲ့များ၏ စစ်ရေးနှင့်မသက်ဆိုင်သော နေရာများသို့ ရည်ရွယ်ချက်ရှိစွာဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)
## အကြမ်းဖက်လုပ်ဆောင်မှုများကို
## ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက်
၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်

၁။ ကရင်ပြည်နယ်၊ မြဝတီမြို့ရှိ မြဝတီကုန်သွယ်ရေးဇုန်အား ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ကာ ကုန်သွယ်ရေးဇုန် အဆောက်အဦနှင့် X-Ray စက်တို့ ပျက်စီးခဲ့သည့်အပြင် အပြစ်မဲ့ပြည်သူတစ်ဦး၊ ဝန်ထမ်းတစ်ဦးနှင့် လုံခြုံရေးဝန်ထမ်းအချို့ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများဖြစ်ပွားခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

၂။ အဆိုပါအကြမ်းဖက်အဖွဲ့များ၏ စစ်ရေးနှင့် မသက်ဆိုင်သော နေရာများသို့ ရည်ရွယ်ချက်ရှိစွာဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## ကော့သောင်းမြို့နယ် ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်များက ထိုင်းနိုင်ငံသို့ ငါးမျိုးစုံတင်ပို့



နေပြည်တော် မတ် ၂၇

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် သမဝါယမဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ရေငန်ပုစွန်နှင့် ရေငန်ငါးများကို ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ကော့သောင်းမြို့နယ်ရှိ သိမ်းထိုက်ဇော် ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်၊ အောင်ကျော်ဇေ ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်နှင့် အောင်ကျော်မင်း ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက် အသင်းသုံးသင်းတို့မှ ထိုင်းနိုင်ငံသို့ ငါးမျိုးစုံ ၃၈၄၉ ဒသမ ၇၂၂ မက်ထရစ်(တန်) တင်ပို့ရောင်းချခဲ့သည်။ ထိုသို့ တင်ပို့ရောင်းချခဲ့ရာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် စီမံကိန်းလျာထားချက် ငွေကျပ် ၆၉၉၄ ဒသမ ၇၉၅ သန်းအပေါ် အကောင်အထည် ဖော်နိုင်မှုမှာ ငွေကျပ် ၇၁၆၃ ဒသမ ၉၀၄ သန်းဖြစ်သဖြင့် ၁၀၂ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ကြိုတင်အခွန်ငွေကျပ် ၁၄၃ ဒသမ ၂၆ သန်း ပေးသွင်းနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၃ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၄၄၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၄၃၃၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၉၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၉ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၀၀ ကျပ် | ၂၁၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၀ ကျပ် | ၂၂၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၀၀ ကျပ် | ၂၁၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၅၁ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၄ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၄၉၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၁၇ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၃ . ၉၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၃၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၆၀ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၁၀၀ | ၃၈၆ | ၃၁၂၈၇၀၀ |
| MTSH | ၃၁၅၀ | ၃၀၅၀ | ၂၁၃၁ | ၆၆၂၂၅၀၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၄၁၁၁ | ၃၀၀၁၀၃၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၀၁၂ | ၁၅၆၈၆၀၀ |
| TMH | ၂၆၀၀ | ၂၅၅၀၀ | ၃၀ | ၇၇၀၀၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၄၈၀ | ၁၂၇၂၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၆ | ၂၉၄၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းဆောင်ရွက်ခြင်း (ကျေးရွာသစ်လှုပ်ရှားမှု)

စိုးမိုးဝင်း

ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် တူညီသော ရည်မှန်းချက်များ ရှိကြသည်။ ၎င်းမှာ မဖွံ့ဖြိုးမတိုးတက်သေးသောနိုင်ငံများနှင့် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများသည်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဆင့်သို့ ပြောင်းလဲခြင်းနှင့် စိုက်ပျိုးရေးအခြေခံစီးပွားရေးမှ စက်မှုအခြေခံစီးပွားရေး သို့မဟုတ် မြို့ပြစီးပွားရေးအဆင့်သို့ပြောင်းလဲခြင်းပင်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံသူနိုင်ငံသားများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်ခဲ့သောနိုင်ငံမှာ တောင်ကိုရီးယားနိုင်ငံပင်ဖြစ်သည်။

ယနေ့ဖွံ့ဖြိုးတိုးတက်နေသောတောင်ကိုရီးယားနိုင်ငံကို စီးပွားရေးအခြေခံ အုတ်မြစ်စတင်တည်ထောင်ပေးသူမှာ (၁၉၆၂ ခုနှစ်တွင် လူတစ်ဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၀ မှ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ ၂၀၂၃ ခုနှစ်တွင် ၃၁၇၂၁ ဒေါ်လာအထိ ဖွံ့ဖြိုးတိုးတက်မှုကိုရရှိရန် နိုင်ငံ၏ စီးပွားရေးကဏ္ဍကို စတင်တည်ထောင်ခဲ့သူဟု တောင်ကိုရီးယားနိုင်ငံသူ နိုင်ငံသားတို့ ယုံကြည်ခဲ့ကြသည့်) သမ္မတပတ်ချောင်ဟီးပင် ဖြစ်သည်။ ပတ်ချောင်ဟီးသည် ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံသူနိုင်ငံသားများအား ပူးပေါင်းဆောင်ရွက်စေခြင်းဖြင့် ဆင်းရဲတွင်းကလွတ်ပြီး ဖွံ့ဖြိုးတိုးတက်ကြီးပွားချမ်းသာလာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံ အကြောင်းကိုပြောလျှင် သမ္မတပတ်ချောင်ဟီး၏ အကြောင်းကို ဖယ်ထား၍မရပါ။

ပတ်ချောင်ဟီးကို ဆင်းရဲသော တောင်သူမိသားစုတစ်စုမှ ၁၉၁၇ ခုနှစ် နိုဝင်ဘာလတွင် မွေးဖွားခဲ့သည်။ လယ်ယာမြေပေါ်မှာ ပြေးလွှားဆော့ကစားခဲ့ပြီး လယ်ယာလုပ်ငန်းခွင်ထဲမှာ ကြီးပြင်းခဲ့ရသည့် လူငယ်တစ်ယောက် ဖြစ်ခဲ့သည်။ တယ်ဂူးဆရာအတတ်သင်ကောလိပ် (Taegu Teachers College) မှ ဘွဲ့ရပြီးသည့်နောက် ကျောင်းဆရာတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် စစ်တပ်ထဲသို့ ဝင်ခဲ့သည်။ အတိုချုပ်ပြောရလျှင် ပတ်ချောင်ဟီးသည် စစ်အစိုးရခေါင်းဆောင်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ၌ ၁၉၆၂ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

### ပထမဆုံးကြိုးပမ်းဆောင်ရွက်မှု

သမ္မတပတ်ချောင်ဟီး၏ ပထမဆုံးကြိုးပမ်းမှုမှာ ၁၉၆၀ ပြည့်နှစ်များ အစောပိုင်းတွင် နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးလှုပ်ရှားမှု (The National Reconstruction Movement) ဟူသော ခေါင်းစဉ်ဖြင့် စိတ်ဓာတ်နှစ်ခုဖြစ်သည့် လုံ့လဝီရိယဖြင့် ဝတ္တရားကျေပွန်အောင် ကြိုးစားခြင်းနှင့် မိမိကိုယ်ကိုမှီခိုအားထားခြင်းတို့ကို မြှင့်တင်ပေးရန် ကြိုးစားခဲ့သည်။ ရည်ရွယ်ချက်မှာ တောင်သူလယ်သမားများကို ပညာပေးပြီး အစိုးရမဟုတ်သောအဖွဲ့အစည်းများမှတစ်ဆင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။ ဝန်ထမ်းများသည် ကျေးရွာများသို့အရောက်သွားပြီး တောင်သူလယ်သမားများနှင့်တွေ့ဆုံကာ ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်ရန်အတွက် (၁) လုံ့လဝီရိယဖြင့် ဝတ္တရားကျေပွန်အောင် ကြိုးစားခြင်း၊ (၂) မိမိကိုယ်ကို မှီခိုအားထားခြင်းနှင့် (၃) ချွေတာစုဆောင်းခြင်းတို့သည် အရေးကြီးကြောင်း ဆွေးနွေးသင်ပြပေးကြရသည်။ ဝန်ထမ်းများစွာသည် ဤလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်အတွက် ကျေးရွာစဉ်တစ်လျှောက် လှည့်လည်သွားလာနေကြရသည်။



ကလောမြို့နယ် သာမိုင်းခမ်းကျေးရွာ ကွန်ကရစ်တံတားဆောက်လုပ်မှုတွင် ပါဝင်လုပ်အားပေးနေသော ကျေးရွာနေပြည်သူများ။

**လုပ်ငန်းကျင့်ဝတ်နှင့်ဆိုင်သော ဤလုပ်ငန်းစဉ်များအပေါ်တွင် တောင်သူလယ်သမားများ၏ တုံ့ပြန်မှုမှာ ကုန်ကျစရိတ်နှင့် နှိုင်းယှဉ်လျှင် မပြောပလောက်ပေ။ နိုင်ငံတော်ကို ရည်ညွှန်းနေခြင်းဖြစ်သည့်အတွက် မိမိတို့နှင့်မသက်ဆိုင်သလို ယူဆနေကြပြီး တက်ကြွစွာပါဝင်မှု မရှိခဲ့ကြပါ။ နိုင်ငံတော်ပြန်လည် တည်ဆောက်ရေးလှုပ်ရှားမှုအတွက် ခွဲဝေအသုံးချထားသည့် ပြည်သူ့ရန်ပုံငွေသည် လုပ်ငန်းစဉ်များကို ဆောင်ရွက်နေသည့် ဝန်ထမ်းများ၏လစာအတွက် များစွာသုံးစွဲခဲ့ရသည်။ ထို့ကြောင့် သမ္မတပတ်ချောင်ဟီး၏ စိတ်ဓာတ်မြှင့်တင်ရေး ပထမဆုံးကြိုးပမ်းမှုသည် အချိန်တိုအတွင်းမှာ ရပ်တန့်သွားခဲ့ရသည်**

သို့သော်လည်း လုပ်ငန်းကျင့်ဝတ်နှင့်ဆိုင်သော ဤလုပ်ငန်းစဉ်များအပေါ်တွင် တောင်သူလယ်သမားများ၏ တုံ့ပြန်မှုမှာ ကုန်ကျစရိတ်နှင့် နှိုင်းယှဉ်လျှင် မပြောပလောက်ပေ။ နိုင်ငံတော်ကို ရည်ညွှန်းနေခြင်းဖြစ်သည့်အတွက် မိမိတို့နှင့်မသက်ဆိုင်သလို ယူဆနေကြပြီး တက်ကြွစွာပါဝင်မှု မရှိခဲ့ကြပါ။ နိုင်ငံတော်ပြန်လည်တည်ဆောက်ရေး လှုပ်ရှားမှုအတွက် ခွဲဝေအသုံးချထားသည့်ပြည်သူ့ရန်ပုံငွေသည် လုပ်ငန်းစဉ်များကို ဆောင်ရွက်နေသည့် ဝန်ထမ်းများ၏ လစာအတွက် များစွာသုံးစွဲခဲ့ရသည်။ ထို့ကြောင့် သမ္မတပတ်ချောင်ဟီး၏ စိတ်ဓာတ်မြှင့်တင်ရေး ပထမဆုံးကြိုးပမ်းမှုသည် အချိန်တိုအတွင်းမှာ ရပ်တန့်သွားခဲ့ရသည်။

သမ္မတပတ်ချောင်ဟီးသည် ပထမဆုံးကြိုးပမ်းမှု မအောင်မြင်သော်လည်း ဆက်လက်ကြိုးစားမြဲကြိုးစားခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ကိုရီးယားနိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် နိုင်ငံအနှံ့အပြား၌ ပျက်စီးမှုများကို လှည့်လည်ကြည့်ရှုစဉ် အမြန်လမ်းမကြီး၏ မီးရထားသံလမ်းဘေးမှ ခုနစ်မိုင်တာသာ ကွာဝေးသော ကိုရီးယားနိုင်ငံတောင်ပိုင်း ချောင်ဆန်နမ်ပြည်နယ် ချောင်းဒိုဒေသ ရှင်းဒိုကျေးရွာသို့ ရောက်ရှိခဲ့သည်။ ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ပျက်စီးနေသော လမ်းများကို ပြင်ဆင်ခြင်း၊ ရေကာတာများ ဆောက်လုပ်ခြင်း၊ အိမ်အမိုးများအားကို အသစ်လဲလှယ်ခြင်းတို့ကို အစိုးရမှ အမိန့်ညွှန်ကြားချက်ဖြင့် စေခိုင်းခြင်းမပြုဘဲ ကျေးရွာသူကျေးရွာသားများကိုယ်တိုင် တက်ညီလက်ညီဖြင့် ဆောင်ရွက်နေသည်ကို မြင်တွေ့ခဲ့ရသည်။

ဤတွင်သမ္မတပတ်ချောင်ဟီးသည် ကျေးရွာ၏ အင်အားသည် ကျေးရွာတွင်းမှာသာ ရှိသည်ဟူသော အသိကို မြင်သွားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာသူကျေးရွာသားများ စိတ်ပါလက်ပါဖြင့် ပူးပေါင်းဆောင်ရွက်ကြလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်နိုင်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံသူနိုင်ငံသားများ စိတ်ပါလက်ပါ ပူးပေါင်းဆောင်ရွက်ကြလျှင် နိုင်ငံတော် လျင်မြန်စွာ တိုးတက်နိုင်သည်ဟု နားလည်သဘောပေါက်သွားသည်။


ထို့ကြောင့်နိုင်ငံတော်ပြန်လည်တည်ဆောက်ရေး လှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခဲ့သော (၁) လုံ့လဝီရိယဖြင့် ဝတ္တရားကျေပွန်အောင် ကြိုးစားခြင်း၊ (၂) မိမိကိုယ်ကို မှီခိုအားထားခြင်းနှင့် (၃) ချွေတာစုဆောင်းခြင်းဟူသော စိတ်ဓာတ်သုံးရပ်တွင် ချွေတာစုဆောင်းခြင်းအစား စိတ်ပါဝင်စားစွာဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဟု ပြောင်းလဲကာ ကျေးရွာသစ်လှုပ်ရှားမှု (Saemaul Undong) ကို ၁၉၇၀ ပြည့်နှစ် ဧပြီ ၂၂ ရက်တွင် နိုင်ငံတစ်ဝန်းလုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံပွဲတွင် ကျေးရွာများအားလုံးသည် ရှင်းဒိုရွာကို အတုယူ၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တရားဝင် ပြောကြားခဲ့သည်။

ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းမှာ (၁) လုံ့လဝီရိယဖြင့် ဝတ္တရားကျေပွန်အောင် ကြိုးစားခြင်း (Diligence)၊ (၂) မိမိကိုယ်ကိုမှီခိုအားထားခြင်း (self-reliance)နှင့် (၃) စိတ်ပါဝင်စားစွာဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း (Cooperation) ဟူသော စိတ်ဓာတ်ပိုင်းဆိုင်ရာဆောင်ပုဒ် သုံးခုပါဝင်သည်။ နိုင်ငံတစ်ဝန်းတွင် ကျေးရွာသစ်လှုပ်ရှားမှုများ စတင်အကောင်အထည်ဖော်ပြီး မကြာမီ ကျေးရွာများသည် တဖြည်းဖြည်းတိုးတက်လာသည်။ တောင်သူလယ်သမားများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာပါသည်။ နိုင်ငံ၏စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုသည်လည်း တိုးတက်လာသည်။

### မြန်မာနိုင်ငံ၏ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံ၏ အခြေခံယူနစ်ဖြစ်သည့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးသည်။ ကျေးရွာများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာတွင်လည်း အစိုးရချည်းသက်သက် ဆောင်ရွက်လျှင် တောင်ကိုရီးယားနိုင်ငံမှာ ဆောင်ရွက်ခဲ့သော နိုင်ငံတော် ပြန်လည်တည်ဆောက်ရေးလှုပ်ရှားမှု မအောင်မြင်သလို အောင်မြင်လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် အစိုးရရော ကျေးရွာလူထုပါ ပူးပေါင်းဆောင်ရွက်မှသာ ကျေးရွာသစ်လှုပ်ရှားမှုကဲ့သို့ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာပေလိမ့်မည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံရှိ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းသို့ သွားရောက်လေ့လာခဲ့ပြီး ကိုရီးယားနိုင်ငံ၏ ကျေးရွာသစ်လှုပ်ရှားမှုအပေါ် အလေးအနက်ထား စိတ်ဝင်စားမှုရှိခဲ့သည်။





နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာလမ်းကို စီမံကိန်း မဆောင်ရွက်မီနှင့် စီမံကိန်း ဆောင်ရွက်အပြီးပုံ။

စာမျက်နှာ ၂၁ သို့

*စာမျက်နှာ ၂၀ မှ*

ကိုရီးယားသမ္မတနိုင်ငံသမ္မတကလည်း မြန်မာနိုင်ငံကို ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း ဆောင်ရွက်နိုင်စေရန် ကူညီပံ့ပိုးပေးမည်ဟု ကတိကဝတ်ပြုခဲ့သည်။ ထို့ကြောင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ပူးပေါင်း၍ ဆွေးနွေးမှုမှတ်တမ်းကို လက်မှတ်ရေးထိုးပြီး ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

**ဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းဆောင်ရွက်ခြင်း**

ကျေးရွာသစ်လှုပ်ရှားမှု၏ အဓိကအနှစ်သာရမှာ အစိုးရက ငွေကြေးထောက်ပံ့ပေးပြီး ကျေးရွာလူထုက မိမိတို့ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရပါသည်။ ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရနှင့်ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းသုံးရပ်အနေဖြင့် (၁) လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ (၂) စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် (၃) ဝင်ငွေတိုးပွားရေးဟူ၍ပါဝင်ပြီး ဝင်ငွေတိုးပွားရေးလုပ်ငန်းမှ ရရှိတိုးပွားလာသော ရန်ပုံငွေသည် အရင်းမပျောက် မတည်ရန်ပုံငွေအဖြစ် ဆက်လက်တည်ရှိနေပါသည်။

မြန်မာနိုင်ငံတွင် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းဝင် ကျေးရွာပေါင်း ယနေ့အချိန်အထိ ၁၈၄ ရွာအထိ ရှိလာပြီဖြစ်ပြီး ဇယားဖြင့် ဖော်ပြထားပါသည်။

ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းတွင်ပါဝင်ခဲ့သော ကျေးရွာများသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး လူနေမှုပတ်ဝန်းကျင်လုပ်ငန်းများအနေဖြင့် ကျောက်ချောလမ်း၊ မြေသားလမ်း၊ ကွန်ကရစ်လမ်း၊ ရေစင်တည်ဆောက်ခြင်း၊ အိမ်တိုင်ရာရောက် သောက်ရေသုံးရေပေးခြင်း၊ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း၊ ဆေးပေးခန်းများ တည်ဆောက်ခြင်း၊ နေ့ကလေးထိန်းကျောင်းများတည်ဆောက်ခြင်း၊ ကျေးရွာခန်းမများ တည်ဆောက်ခြင်း၊ တံတားများ တည်ဆောက်ခြင်း၊ ရေထုတ်မြောင်း၊ ရေသွင်းမြောင်းများ ဆောက်လုပ်ခြင်း၊ ကျေးရွာခန်းမများ တည်ဆောက်ခြင်းနှင့် ကျေးရွာသန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ကြသည်။ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းတွင် ကျေးရွာအစည်းအဝေးများ၊ သင်တန်းများ၊ လေ့လာရေးခရီးစဉ်များ၊ သတင်းထုတ်ပြန်ခြင်းများကို ဆောင်ရွက်ကြပြီး ဝင်ငွေတိုးပွားရေးလုပ်ငန်းများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ယိုစုံလုပ်ငန်း၊ မုန့်လုပ်ငန်း၊ ဆပ်ပြာလုပ်ငန်း၊ ဆိုင်ကယ်ပြင်လုပ်ငန်းစသည်ဖြင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။ ဝင်ငွေတိုးပွားလုပ်ငန်းမှ ကျေးရွာရန်ပုံငွေအနေဖြင့် အချို့ကျေးရွာများတွင် သိန်းပေါင်းတစ်ထောင်ကျော်အထိ ရှိကြသည်။




ပုသိမ်ကြီးမြို့နယ် လက်သစ်ကျေးရွာ၌ ကျေးရွာလူထုပူးပေါင်းပါဝင်၍ ရေစင်ဆောက်လုပ်နေပုံနှင့် ဆောက်လုပ်ပြီးစီးသောပုံ။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | KOICA ၏ အထောက်အပံ့ဖြင့် | တိုင်းဒေသကြီး/ ပြည်နယ် ရန်ပုံငွေ | စွမ်းအားမြှင့်မီးဖို စီမံကိန်း၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | နေပြည်တော် | ၄၀ | - | ၃ | ၄၃ |
| ၂။ | ရှမ်း | ၁၀ | ၁ | ၃ | ၁၄ |
| ၃။ | မန္တလေး | ၁၀ | ၁၂ | ၂ | ၂၄ |
| ၄။ | စစ်ကိုင်း | ၁၀ | ၁၀ | ၂ | ၂၂ |
| ၅။ | ဧရာဝတီ | ၁၀ | - | ၁၀ | ၂၀ |
| ၆။ | ပဲခူး | ၅ | - | ၅ | ၁၀ |
| ၇။ | ရန်ကုန် | ၁၀ | ၆ | ၂ | ၁၈ |
| ၈။ | မွန် | ၅ | - | ၂ | ၇ |
| ၉။ | တနင်္သာရီ | ၅ | - | - | ၅ |
| ၁၀။ | ရခိုင် | ၅ | ၅ | - | ၁၀ |
| ၁၁။ | ကချင် | - | - | ၂ | ၂ |
| ၁၂။ | ကယား | - | - | ၂ | ၂ |
| ၁၃။ | ကရင် | - | - | ၂ | ၂ |
| ၁၄။ | ချင်း | - | - | ၂ | ၂ |
| ၁၅။ | မကွေး | - | - | ၃ | ၃ |
| | စုစုပေါင်းကျေးရွာ | ၁၁၀ | ၃၄ | ၄၀ | ၁၈၄ |

ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းအရ ကျေးရွာများသည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့ကြသည့်အတွက် ယခင်နှင့်မတူဘဲ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြသည်။ ကိုရီးယားနိုင်ငံမှ သမ္မတပတ်ချောင်ဟီးသည် ရှင်းဒိုကျေးရွာကို ရောက်ခဲ့စဉ်က ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်လျှင် ကျေးရွာများလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နိုင်သည်ဟု တွေ့မြင်ခဲ့သလို မြန်မာနိုင်ငံတွင်လည်း ဧရာဝတီတိုင်းဒေသကြီး၏ မြို့နယ်ဖြစ်သော ပုသိမ်မြို့အဝင်တွင် "ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်" ဟူသော ဆိုင်းဘုတ်ကို မြင်မိတိုင်းလည်း ကျွန်တော်တို့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းပြည်၏ အင်အားသည် တိုင်းပြည်အတွင်းမှာသာ ရှိပါသည်။ တိုင်းပြည်၏ ပြင်ပတွင်မရှိပါ။ ကိုရီးယားနိုင်ငံသည် ရှင်းဒိုကျေးရွာမှစတင်ကာ အောင်မြင်သွားခဲ့သလို ကျွန်တော်တို့နိုင်ငံသည်လည်း ပုသိမ်မြို့အဝင်တွင်ရှိသော ထိုစကားကို လက်တွေ့အသုံးချနိုင်ပါက လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နိုင်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်အစိုးရကသော်လည်းကောင်း၊ ပြည်သူလူထုကသော်လည်းကောင်း တစ်ဖက်တည်း ဆောင်ရွက်ရုံဖြင့် မရနိုင်ပါ။ နိုင်ငံတော်အစိုးရရော၊ ပြည်သူလူထုပါ ပူးပေါင်းဆောင်ရွက်မှသာ လျင်မြန်စွာဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို အောင်မြင်စွာရရှိမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ဆင်းခွန်ဂိတ်၌ ရေခူဆားစိမ်နှင့် ငါးရေခဲစိမ်များကို ထုပ်ပိုးမှုပုံစံအသစ်ဖြင့် သန့်ရှင်းစွာ ကုန်သွယ်မှုပြုမည်ဆိုပါက ပြန်လည်ခွင့်ပြုမည်

**မော်တောင် မတ် ၂၇**

ထိုင်းနိုင်ငံ ဆင်းခွန်ဂိတ်၌ ရေခူဆားစိမ်နှင့် ငါးရေခဲစိမ်များကို ထုပ်ပိုးမှုပုံစံအသစ်ဖြင့် သန့်ရှင်းစွာ ကုန်သွယ်မှုပြုမည်ဆိုပါက ပြန်လည်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုပင်လယ်ပြင်အတွင်း ရာသီစာအဖြစ် ထွက်ရှိနေသည့်ရေခူများကို ထိုင်းနိုင်ငံက အဓိကဝယ်ယူလျက်ရှိရာ ရေခူများကို ဆားကြမ်းစိမ်ခြင်း၊ ရေခဲကြမ်းများ ထည့်သွင်းတင်ပို့ရခြင်းများ ဆောင်ရွက်ရကြောင်း သိရသည်။

"အဆိုးဆုံးက ရေခူတွေ ကုန်သွယ်ရာကနေ ဖြစ်တာပဲ။ နယ်စပ်ဂိတ်မှာ တာဝန်ကျနေတဲ့ ထိုင်းဝန်ထမ်းတွေက ခရိုင်ဝန်ကို သွားတိုင်တာပါ။ ရေခူကလည်း သုံးနှစ်လောက်ကြာမှ ပင်လယ်ထဲမှာ တစ်ခါပေါ်တယ်။ ပေါ်တဲ့ရာသီကလည်း သုံးလလောက်ပဲဆိုတော့ ဝယ်လက်တွေဆီကို အမြန်ဆုံးတင်ပို့ပေးရတယ်။ ရေခူက ဆားကြမ်းနဲ့ ရေခဲကြမ်းတွေ ရောစပ်ပြီးစိမ်ရတယ်။ အဲဒီမှာ အပုပ်ရည်တွေ နယ်စပ်ဂိတ် No Man's Land တစ်လျှောက်စိမ့်ကျကုန်တယ်။ မြန်မာကုန်သည်တွေနဲ့ အလုပ်သမားတွေကလည်း စွန့်ပစ်ပလတ်စတစ်တွေကို ပြန်မယူသွားဘူး။ နီးတဲ့နေရာမှာ လျှောက်ပစ်ချတယ်။ အဲဒီကနေ ပြဿနာဖြစ်တာပဲ။ ခရိုင်ဝန်ရုံးက သတိပေးတဲ့အနေနဲ့ သူတို့ကုန်သည်တွေကို ပြောလိုက်တာပါ။ ပလတ်စတစ်နှစ်ထပ်ထုပ်ပိုးမှုနဲ့ ကုန်သွယ်မယ်ဆိုရင် ပြန်ခွင့်ပြုမယ်။ ဒါပေမယ့် စောင့်ကြည့်မယ်" ဟု မော်တောင် - ဆင်းခွန် ကုန်သွယ်မှုပြုလုပ်နေသူတစ်ဦးက ပြောသည်။



ထိုင်းနိုင်ငံဆင်းခွန်ဂိတ်သို့တင်ပို့မည့် ရေခူများကို မြန်မာနိုင်ငံဘက်က ပလတ်စတစ်အိတ်နှစ်ထပ်ခံကာ ယူဆောင်လာရမည်ဖြစ်ကြောင်း၊ သန့်ရှင်းသန့်ရပ်မှုရှိမရှိ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။ အနံ့ဆိုးများထွက်ပေါ်နေသည့် ရေခူဆားစိမ်များနှင့် ရေခဲစိမ်များကို ပလတ်စတစ်အိတ်အကြည် အထူစားနှစ်ထပ်ခံကာ ထုပ်ပိုးမှုပုံစံအသစ်ဖြင့် ဆက်လက်ခွင့်ပြုသွားမည်ကြောင်း၊ စာရွက်စာတမ်းဝန်ဆောင်မှုပေးနေသော ကုမ္ပဏီများအနေဖြင့် သန့်ရှင်းစွာ ကုန်သွယ်မည့်ကိစ္စကို ခရိုင်ဝန်ကို တင်ပြထားသဖြင့် ခရိုင်ဝန်ရုံးက စောင့်ကြည့်သွားမည်ဖြစ်ကြောင်း၊ ကုန်စည်ဖလှယ်ရာတွင် သန့်ရှင်းမှုရှိမရှိ ခရိုင်ဝန်ရုံးမှ ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဘက်က ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

မြိတ်ခရိုင် မော်တောင်မြို့နှင့် ကုန်သွယ်မှုပြုလုပ်နေသည့် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင် ဆင်းခွန်နယ်စပ်ဂိတ်၌ ကုန်စည်ဖလှယ်ရာတွင် အနံ့အသက်ဆိုးများထွက်ရှိနေခြင်းနှင့် သန့်ရှင်းမှုမရှိတော့ခြင်းကြောင့် နယ်စပ်ဂိတ်ကို ယာယီပိတ်သိမ်းမည်ဟု ထိုင်းဘက်က ယခုလအတွင်း သတိပေးခဲ့သည်။

မော်တောင်နယ်စပ်ဂိတ်မှာ မြန်မာနိုင်ငံဘက်မှ အမြဲတမ်းဂိတ်တစ်ခုဖြစ်သော်လည်း ထိုင်းနိုင်ငံဘက်ခြမ်း ဆင်းခွန်ဂိတ်မှာ အထူးယာယီ နယ်စပ်ဂိတ်အဆင့်သာဖြစ်သည့်အတွက် ကုန်သွယ်မှုနှင့် လူဝင်လူထွက်ကိစ္စရပ်များတွင် ကန့်သတ်မှုများရှိပြီး မော်တောင်နယ်စပ်ဂိတ်သည် မြိတ်မြို့နယ်မှ မိုင် ၁၀၀ ကျော်ကွာဝေးပြီး ယင်းနယ်စပ်ဂိတ်မှာ မြန်မာ-ထိုင်းနှစ်နိုင်ငံအတွက် ကုန်သွယ်မှုတွင် အလားအလာရှိသည့် နယ်စပ်ဂိတ်တစ်ခုဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

မြင့်ဦး(မြိတ်)





# လွယ်ဂျယ်နယ်စပ် ကုန်စည်စီးဆင်းမှုအခြေအနေ

လွယ်ဂျယ်နယ်စပ် ကုန်စည်စီးဆင်းမှုအနေဖြင့် မတ် ၂၆ ရက်တွင် လယ်ယာထွက်ကုန်အနေဖြင့် တစ်သျှူးငှက်ပျော ၈၉၆ တန်၊ ပဲတီစိမ်း ၂၅ တန်၊ ထောပတ်ပဲ ၁၇ တန်၊ နှမ်းနက် ၂၅ တန်၊ ဖရဲသီး ၆၈ တန်တို့ တင်ပို့နိုင်ခဲ့ပြီး တစ်ဖက်နိုင်ငံမှ ပိတ်လိပ် ၁၄ ဒသမ ၇ တန်၊ အလူမီနီယံပေါင်ဒါ ၁၂ တန်၊ မီးဖိုချောင်သုံးပစ္စည်း ၁၀ တန်တို့ တင်သွင်းနိုင်ခဲ့သည်။ ကုန်သွယ်မှုလမ်းကြောင်းမှာ ပုံမှန်အတိုင်း ကောင်းမွန်လျက် ရှိသည်။

ငွေကြေးဈေးကွက်အနေဖြင့် မတ် ၁ ရက်တွင် တစ်ယွမ်လျှင် ၄၁၇ ကျပ်ဖြစ်ခဲ့ပြီး မတ် ၂၆ ရက်တွင် တစ်ယွမ်လျှင် ၄၀၈ ကျပ်အထိ မြန်မာကျပ်ငွေဈေး အနည်းငယ် မြင့်တက်လာခဲ့ကြောင်း သတင်းရရှိသည်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အာလူးစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအုပ်စု ကျောင်းကုန်းရွာတွင် တရုတ်အာလူးမျိုး စိုက်ပျိုးခြင်းဖြင့် မိသားစု စားဝတ်နေရေး အတွက် အထောက်အကူဖြစ်လျက်ရှိကြောင်း၊ ယခင်က အောင်ပန်းအာလူးမျိုး စိုက်ပျိုးခဲ့သော်လည်း အထွက်နှုန်း နည်းပါးခြင်းကြောင့် တရုတ်မှလာသည့် အာလူးမျိုးကို အဓိက စိုက်ပျိုးလာကြကြောင်း၊ အာလူးစိုက်ပျိုးရာတွင် ရေသွင်းစိုက်ပျိုးနည်းဖြင့် အများဆုံး စိုက်ပျိုးကြပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလမှ စတင်စိုက်ပျိုးပြီး မတ်လကုန်တွင် အာလူးသီးနှံကို တူးဖော်ရကြောင်း၊ သွင်းအားစုအနေဖြင့် နွားချေး၊ ကြက်ချေး၊ ပုလဲမြေဩဇာများ ကျွေးရပြီး အားဆေးအနေဖြင့် ပိုးသတ်ဆေး၊ မှိုဆေးများ ပက်ဖျန်းခြင်းဖြင့် အပင်များ ကြီးထွားလာပြီး အထွက်နှုန်းအားကောင်းစေကြောင်း၊ တစ်ဧကလျှင် ပိဿာ ၇၀၀ မှ ၉၀၀ အထိ စိုက်ပျိုးရကြောင်း သိရသည်။

စိုက်ပျိုးထွက်ရှိမှုမှာ တစ်ဧကလျှင် ပိဿာ ၆၀၀၀ မှ ၉၀၀၀ အထိ ထွက်ရှိကြောင်း၊ ဈေးနှုန်းအခြေအနေမှာ ရာသီပေါ်စအချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ မှ ၂၀၀၀ အထိ ရရှိပြီး လှိုင်လှိုင်ပေါ်ချိန်တွင် တစ်ပိဿာငွေကျပ် ၁၃၀၀ မှ ၁၅၀၀ အထိ ဈေးနှုန်းကျဆင်းသွားကြောင်း၊ ဈေးကွက်အနေဖြင့် နောင်ချိုမြို့နယ်ရှိ ကျေးရွာများနှင့် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးရှိ ပွဲစားများမှတစ်ဆင့် တင်ပို့ရောင်းချကြောင်း သိရသည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အာလူးမျိုးစေ့ ဝယ်လိုအားကောင်း၍ ယခင်နှစ်များထက် ပိုမိုတိုးချဲ့ စိုက်ပျိုးလာကြောင်း သတင်းရရှိသည်။

DOCA(ရှမ်း)

# ပခုက္ကူခရိုင်၌ အစေ့ထုတ်ပြောင်း (CP) ဈေးကောင်းရလျက်ရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း၌ အစေ့ထုတ်ပြောင်း (CP) သီးနှံများကို စိုက်ပျိုးလျက်ရှိပြီး မြစ်ခြေမြို့နယ်တွင် ပြောင်းစိုက်ဧက ၄၀၊ ရေစကြိုမြို့နယ်တွင် ဧက ၉၀၀၀ ကျော်၊ ပေါက်မြို့နယ်တွင် ဧက ၅၀၀၀ ကျော်ဖြင့် အစေ့ထုတ်ပြောင်း (CP) သီးနှံ အများဆုံး စိုက်ပျိုးထွက်ရှိသော မြို့နယ်များဖြစ်ကြောင်း၊ အစေ့ထုတ်ပြောင်း (CP) ကို မွေးမြူရေးလုပ်ငန်းအတွက် တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြသည့်အပြင် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သဖြင့် ယခုအချိန်တွင် အရောင်းအဝယ်များစွာဖြစ်လျက် ရှိကြောင်း၊ ပခုက္ကူ ကုန်စည်ဒိုင်တွင်လည်း အစေ့ထုတ်ပြောင်းများ နေ့စဉ် ဝင်ရောက်လျက်ရှိပြီး တစ်နေ့လျှင် ပိဿာ ၃၀ ဝင် အိတ်ရေ ၉၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းများကိုအောက်တိုဘာလမှ စတင်၍ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုအချိန်တွင် လှိုင်လှိုင် ဝင်ရောက်လျက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် စတင်ထွက်ပေါ်ချိန်တွင် ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ် မတ်လ ဒုတိယပတ်တွင် ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၂၀၀ အထိ ဈေးနှုန်းမြင့်တက်နေပြီး ဝင်ရောက်သည့် အစေ့ထုတ် ပြောင်းသီးနှံများအားလုံး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကုန်ကျစရိတ် အနေဖြင့် တစ်ဧကအတွက် သွင်းအားစုများ ဈေးနှုန်းမြင့်တက်လာသောကြောင့် ငွေကျပ် ငါးသိန်းခန့် ကုန်ကျသော်လည်း တစ်ဧကအထွက်နှုန်းမှာ ၆၂ တင်းခန့် ထွက်ရှိသောကြောင့် တစ်ဧကလျှင် အကျိုးအမြတ်မှာ ငွေကျပ် ခြောက်သိန်းကျော်ရရှိကြောင်း၊ အစေ့ထုတ်ပြောင်း(CP)သီးနှံသည် ဈေးကောင်းရရှိပြီး ဈေးကွက်ခိုင်မာမှုရှိသည့်အပြင် ပြည်ပနိုင်ငံများသို့ပါ တင်ပို့နေရသောကြောင့် တိုးချဲ့စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သတင်းရရှိသည်။



DOCA(မကွေး)

# မြိတ်ဒေသတွင် ကုန်သွယ်မှုလုပ်ငန်းများ ကောင်းမွန်လျက်ရှိ

၂၀၂၃ ခုနှစ် မတ် ၂၂ ရက်မှ ၂၆ ရက်အထိ မြိတ်ဒေသမှ ထိုင်းနိုင်ငံသို့ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်ဖြင့် ထိုင်းနိုင်ငံ ပရာကျွတ်ကရီခမ်သို့ ကားလမ်းကြောင်းဖြင့် ငါးကြိတ်သား ၁၄ ဒသမ ၄ တန်နှင့် ငါးမှုန့် တန် ၁၁၁၀ တင်ပို့နိုင်ခဲ့သည်။ သွင်းကုန်အနေဖြင့် ဒီဇယ်ဆီ တန် ၇၅၀၊ ရေလုပ်ငန်းသုံးပစ္စည်းဖြစ်သော ငါးဖမ်းပိုက်၊ ပလတ်စတစ်ငါးပုံးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ စုစုပေါင်း ၁၇ ဒသမ ၈၄ တန် တင်သွင်းခဲ့သည်။ ယခုနှစ် မတ် ၂၇ ရက်တွင် ငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၈၃ ဒသမ ၃ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။

# တောင်တွင်းကြီးမြို့နယ်တွင် မတ်ပဲသီးနှံများ စတင်ထွက်ပေါ်ချိန် ဈေးကောင်းရ၍ တောင်သူများ အဆင်ပြေ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ဆောင်းသီးနှံအဖြစ် မတ်ပဲများ စတင်ရိတ်သိမ်းလျက်ရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။ တောင်တွင်းကြီးမြို့နယ်ရှိ ကျေးလက်နေတောင်သူများမှာ ဆောင်းသီးနှံအဖြစ် မတ်ပဲကို မိုးစပါးသီးနှံ ရိတ်သိမ်းပြီးချိန် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စတင်ကြဲပက်စိုက်ပျိုးကြပြီး ယခုနှစ် ဆောင်းမတ်ပဲ ၅၂၄၅ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။ ယခုအချိန်တွင် မတ်ပဲများကို ရိတ်သိမ်းကာ အခြောက်လှန်း၍ စတင်ခြွေလှေ့လျက်ရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မတ်ပဲ မျိုး၊ သွင်းအားစုများနှင့် ရိတ်သိမ်းခအပါအဝင် စုစုပေါင်းကုန်ကျစရိတ် ငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ကိုးတင်းမှ ၁၂ တင်းအထိ ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် မတ်ပဲ တစ်တင်းလျှင် ငွေကျပ် ၆၄၀၀၀ ရောင်းချရကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် သုံးသိန်းခန့်ရရှိသည့်အတွက် မတ်ပဲစိုက် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သတင်းရရှိသည်။




# ဈေးကောင်းရနေသည့် ကရင်ပြည်နယ် ဒေသထွက် သီဟိုဠ်သရက်စေ့

ကရင်ပြည်နယ်ဒေသထွက် သီဟိုဠ်သရက်စေ့ ကုန်ကြမ်းများမှာ ယခင်နှစ်ထက် ကုန်ကြမ်းဈေးနှုန်းနှစ်ဆခွဲခန့် ရရှိခဲ့ကြောင်း သိရသည်။ ကရင်ပြည်နယ်အတွင်း သီဟိုဠ်သရက်စေ့ထွက်ရှိချိန်မှာ ဖေဖော်ဝါရီလလယ်မှ ဧပြီလလယ်အထိဖြစ်ပြီး ယခင်နှစ်၌ အရည်အသွေးကောင်းမွန်သည့် သီဟိုဠ်သရက်စေ့တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ဈေးရှိခဲ့သော်လည်း ယခုဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ဈေးနှုန်းရှိကာ ဈေးကွက်လိုအပ်ချက်အရ ယခုနှစ် မတ်လလယ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၄၉၀၀ မှ ငွေကျပ် ၅၂၀၀ အထိ ဈေးနှုန်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

သီဟိုဠ်သရက်စေ့ ကုန်ကြမ်းဈေးနှုန်းများမှာ မတ်လအတွင်း ဈေးနှုန်းတည်ငြိမ်မှုမရှိဘဲ နေ့စဉ်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်နေကြောင်း၊ နေ့စဉ်ပေါက်ဈေးနှုန်းမှာ တစ်ပိဿာလျှင် (၁၀၀/၂၀၀) ကျပ် အမြဲကွာဟနေသောကြောင့် မြေပြင်တွင် ဝယ်ယူရသည့်အခြေအနေမှာ အခက်အခဲအနည်းငယ်ရှိကြောင်း၊ ကရင်ပြည်နယ်အတွင်း၌ တစ်နှစ်လျှင် သီဟိုဠ်စေ့အဆန် ပိဿာချိန် ငါးသိန်းကျော် (တန်ချိန် ၈၀၀ ကျော်) ထွက်ရှိနိုင်ပြီး ကရင်ပြည်နယ်ဒေသထွက် သီဟိုဠ်စေ့များကို ဒေသတွင်းဖြစ်သော မော်လမြိုင်၊ ရေး၊ ထားဝယ်နှင့် မြိတ်မြို့များသို့ တင်ပို့ရောင်းချလျက်ရှိပြီး မြဝတီနယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

DOCA(ကရင်)





# ရန်ကုန်စတော့အိပ်ချိန်း၏ (၇)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပ




**ရန်ကုန် မတ် ၂၇**
ရန်ကုန်စတော့အိပ်ချိန်း၏ (၇) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို မတ် ၂၅ ရက်က ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ParkRoyal ဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းရာတွင် အရင်းအနှီးရရှိနိုင်မှုသည် အဓိက လိုအပ်ချက်တစ်ခု ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အရင်းအနှီး ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကို ၁၉၉၆ ခုနှစ်က စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပထမ ခြေလှမ်းဖြစ်သော မြန်မာနိုင်ငံ စတော့ဈေးကွက်၏ အမြုတေဟု ဆိုရမည့် Myanmar Securities Exchange Center (MSEC) ကို ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ထိုအချိန်က ကုမ္ပဏီအချို့၏ အစုရှယ်ယာများကို စတင်အရောင်းအဝယ် လုပ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ (မူကြမ်း) ပြုစုခြင်းအပါအဝင် ဈေးကွက်အခြေခံ လိုအပ်ချက်များကိုလည်း တည်ဆောက်နိုင်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ တွင် နည်း ဥပဒေများကို ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ထို့ပြင် လုံခြုံစိတ်ချရသည့် စတော့ဈေးကွက်ဖြစ်ပေါ်လာစေရန်နှင့် စတော့ဈေးကွက်တစ်ခုလုံးကို စည်းမျဉ်း၊ စည်းကမ်းများဖြင့် စနစ်တကျ ထိန်းကျောင်းနိုင်စေရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ကိုလည်း ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ကြောင်းနှင့် ဖက်စပ်ဖွဲ့စည်းတည် ထောင်ထားသည့် ရန်ကုန်စတော့ အိပ်ချိန်း၌ ၂၀၁၅ ဒီဇင်ဘာ ၉ ရက်မှစ၍ ယနေ့အထိ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ပြောကြားသည်။

ဒုတိယဝန်ကြီးက နိုင်ငံတော်အနေဖြင့် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့် ကုမ္ပဏီများအတွက် Corporate Income Tax ဖြေလျှော့ပေးခြင်းကို နှစ်စဉ် ပြည်ထောင်စု အခွန်အကောက် ဥပဒေပြဋ္ဌာန်းသည့် အခါတွင် ထည့်သွင်း ပြဋ္ဌာန်းပေးပြီး စာရင်းဝင် ကုမ္ပဏီများအတွက် ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ စာရင်းဝင်ကုမ္ပဏီများ ဘက်ကလည်း မိမိတို့လုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း ကောင်းမွန်သည့် Corporate Governance စနစ်များ၊ ပွင့်လင်းမြင်သာမှုရှိစွာ ဖွင့်ဟကြေညာသည့် Disclosure စနစ်များကို အလေးထား လိုက်နာကြရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုရရှိစေနိုင်ရေးနှင့် အောင်မြင်တိုးတက်သော ကုမ္ပဏီများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စတော့ဈေးကွက်ဖြစ်သည့် ရန်ကုန်စတော့အိပ်ချိန်း ယခုထက် ပိုမို အောင်မြင်စေရန် ဆုမွန်ကောင်းတောင်းကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ရန်ကုန် စတော့အိပ်ချိန်း မန်နေးဂျင်း ဒါရိုက်တာ ဦးဝင်းနိုင်ဦး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဥက္ကဋ္ဌ ဦးဝမ်းတင်တို့က ရန်ကုန်စတော့ အိပ်ချိန်း(၇)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားအတွက် ဂုဏ်ပြု အမှာစကားများ ပြောကြားသည်။

ယင်းနောက် ဒေါ်တင်မေဦး၊ ဦးမိုးကျော်၊ ဦးသူရိန်အောင်၊ ဒေါ်သစ်သစ်အောင်နှင့် ဦးသက်ထွန်းဦးတို့က Future Growth with Financing Options in Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။ အခမ်းအနားသို့ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ရန်ကုန်စတော့ အိပ်ချိန်း အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး၌ အိမ်တွင်း လျှပ်စစ်သွယ်တန်းခြင်းသင်တန်းနှင့် ဂဟေဆက် သင်တန်းဆင်း

**မကွေး မတ် ၂၇**
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)တို့ ပူးပေါင်းဖွင့်လှစ်သော အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းနှင့် ဂဟေဆက်သင်တန်းဆင်းပွဲကို မတ် ၂၅ ရက်က အစိုးရနည်းပညာ အထက်တန်းကျောင်း (မကွေး)၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်၍ အဖွဲ့ဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းဆပ်ကော်မတီ (၈) ရပ် ဖွဲ့စည်းတာဝန် ပေးအပ်ထားကြောင်း၊ လုပ်ငန်းကော်မတီ(၈)ရပ်အနက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းဆပ်ကော်မတီ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(မကွေး)တို့ ပူးပေါင်းပြီး အိမ်တွင်းလျှပ်စစ် သွယ်တန်းခြင်းသင်တန်းနှင့် ဂဟေဆက်သင်တန်းကို ဒုတိယအကြိမ်အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးနိုင်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။



နိုင်ငံတစ်နိုင်ငံ၏ ကလေးအလုပ်သမားပမာဏသည် ယင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေး ကိစ္စရပ်သည် နိုင်ငံတိုင်း၏ အလေးထား ဖြေရှင်းရမည့် ကိစ္စတစ်ရပ်ဖြစ်လာသည်ကို တွေ့ရှိရကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်း ကော်မတီအနေဖြင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကလေးအလုပ်သမားများအား နည်းပညာနှင့် သက်မွေးပညာရပ်များ သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ မိမိတို့ဒေသအတွက် လိုအပ်သည့် ကာလတိုသင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေး ညှိနှိုင်းလာပါက အတတ်နိုင်ဆုံး ပေါင်းစပ်ညှိနှိုင်း ဖွင့်လှစ်ဆောင်ရွက်ပေးရန် အသင့်ရှိကြောင်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်း(မကွေး)တွင် နည်းပညာနှင့် သက်မွေးပညာရပ်များ သင်ကြားပေးသည့် ကာလတိုသက်မွေးပညာသင်တန်းများကို ၂၀၁၆ ခုနှစ်မှ စတင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းများအနေဖြင့် အိမ်တွင်းလျှပ်စစ်သွယ်တန်း၊ ဂဟေဆက်သင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း၊ Single Cylinder Engine ပြုပြင်ခြင်းသင်တန်း၊ ICT သင်တန်း၊ မြေတိုင်းသင်တန်းတို့ကို ဖွင့်လှစ်၍ သင်တန်းသားဦးရေ ၆၆၂ ဦးအထိ မွေးထုတ်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ထို့နောက် အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး) ကျောင်းအုပ်ကြီး ဦးခင်မောင်ညွန့်က ကာလတိုသင်တန်း ဖွင့်လှစ်သင်ကြားပေးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းနည်းပြ ဆရာ ဆရာမများအား အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကာ သင်တန်းသား သင်တန်းသူများ၏ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနှင့် ဂဟေဆက် လက်တွေ့ ဆောင်ရွက်ထားရှိမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က အားပေးကြည့်ရှုခဲ့သည်။

**မောင်ညီညာ**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု သန်လျင်စည်ပင်သုံးထပ်ရုံးသစ်ဖွင့်လှစ်



**သန်လျင် မတ် ၂၇**
(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း တည်ဆောက်ပြီးစီးသွားသော သုံးထပ်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၆ ရက်က ကျင်းပရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်)ဦးဗိုလ်ဌေး၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ရုံးသစ်အဆောက်အအုံကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုံးသစ်အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ သုံးထပ်ရုံးသစ် အဆောက်အုံကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ဗီယက်နမ်၌ ကုန်ကျစရိတ်မြင့်မားခြင်းကြောင့် ပင်လယ်စာတင်ပို့မှုကျဆင်း

ဟန္နွိုင်း မတ် ၂၇

**ငါး၊ ပုစွန်အစာများအတွက် ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့်အတူ ကမ္ဘာ့ဝယ်လိုအား ကျဆင်းမှုတို့ကြောင့် ဗီယက်နမ်ပင်လယ်စာတင်ပို့မှုကို ကျဆင်းစေခဲ့ကြောင်း ဗီယက်နမ်ဒေသဆိုင်ရာ မီဒီယာများက မတ် ၂၇ ရက်တွင် ဖော်ပြသည်။**



၂၀၂၃ ခုနှစ် ပထမနှစ်လတာကာလအတွင်း ဗီယက်နမ် ပင်လယ်စာတင်ပို့မှုမှာ ယခင်နှစ်ကာလတူကထက် ၂၉ ရာခိုင်နှုန်း (ကုန်သွယ်မှုတန်ဖိုးပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံခန့်) လျော့နည်းကျဆင်းခဲ့ကြောင်း လာအိုဒေါင် (အလုပ်သမား) သတင်းစာက အကောက်ခွန်အာဏာပိုင်များ၏ အချက်အလက်ကို ကိုးကားဖော်ပြထားသည်။

ကိုင်တွယ်ရခက်ခဲလှသည့် ငွေကြေးဖောင်းပွမှုကြောင့် အဓိကဈေးကွက်များတွင် စားသုံးမှုကို ကျဆင်းစေသည်ဟု ဗီယက်နမ်ပင်လယ်စာ တင်ပို့ရောင်းချသူများနှင့် ထုတ်လုပ်သူများအသင်းက ပြောကြားပြီး ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတွင် အမေရိကန်သို့ ပင်လယ်စာတင်ပို့မှု ၅၅ ရာခိုင်နှုန်းနှင့် တောင်ကိုရီးယားသို့ တင်ပို့မှု ၁၄ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း ပြောကြားသည်။

လယ်သမားများ၊ ထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများကလည်း အစာဈေးနှုန်းများ မြင့်မားလာပြီး အမြတ်အစွန်းမရရှိမည်ကို စိုးရိမ်သဖြင့် မွေးမြူရေးပုစွန်အထွက်နှုန်းကို အထောက်အကူပြုရန်အတွက် ပဲပုပ်ခြောက်အပေါ် သွင်းကုန်ခွန် နှစ်ရာခိုင်နှုန်း ဖယ်ရှားပေးနိုင်ရေး ဗီယက်နမ်ပင်လယ်စာတင်ပို့ရောင်းချသူများနှင့် ထုတ်လုပ်သူများအသင်း၏ အထွေထွေအတွင်းရေးမှူး ထရုန့် ဒင့်ဟိုးက အဆိုပြုထားသည်။

ဗီယက်နမ်နိုင်ငံသည် ယမန်နှစ်က ပင်လယ်စာ တင်ပို့မှုမှ ဒေါ်လာ ၁၁ ဘီလီယံအထိ ရရှိခဲ့သည်။

**ဆင်ဟွာ**

## အာဖဂန်မြို့တော် ကဘူးလ်၌ အသေခံပုံးခွဲမှုကြောင့် ဗုံးခွဲသူအပါအဝင် ခုနစ်ဦးသေဆုံး

ကဘူးလ် မတ် ၂၇



**အာဖဂန်နိုင်ငံ ကဘူးလ်မြို့၌ နိုင်ငံခြားရေးဝန်ကြီးဌာနအနီး ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာတွင် လုံခြုံရေးတပ်ဖွဲ့များ စောင့်ကြပ်မှုကို တွေ့ရစဉ်။**

အာဖဂန်နစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနအနီး၌ မတ် ၂၇ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သားခြောက်ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

၂၀၂၁ ခုနှစ် ဩဂုတ်လတွင် တာလီဘန်တို့က အမေရိကန်ကျောထောက်နောက်ခံပြု အစိုးရကို ဖြုတ်ချကာ အာဏာပြန်လည်ရယူခဲ့ပြီးနောက် လုံခြုံရေး သိသိသာသာ တိုးတက်လာခဲ့သော်လည်း အိုင်အက်စ်အဖွဲ့၏ ခြိမ်းခြောက်မှုမှာလည်း ပိုမိုတိုးလာခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဦးတည်သည့်လမ်း၌ မာလစ်ခ်အက်ဂါဒေသရှိ စစ်ဆေးရေးဂိတ်တစ်ခုသို့ ချဉ်းကပ်လာသော အသေခံဗုံးခွဲသမားကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စိစစ်ဖော်ထုတ်ကာ ပစ်ခတ်ခဲ့သော်လည်း ၎င်း၏ ဖောက်ခွဲရေးပစ္စည်းများ ပေါက်ကွဲမှုကြောင့် အရပ်သား ခြောက်ဦး သေဆုံးပြီး လုံခြုံရေးဝန်ထမ်း သုံးဦး အပါအဝင် အများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ခါလစ်ဇာဒရန်က ဆင်ဟွာသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှု ဖြစ်စဉ်နှင့် ပတ်သက်ပြီး မည်သည့်အဖွဲ့မှ တာဝန်ရှိကြောင်း ထုတ်ဖော်ဝန်ခံပြောဆိုထားခြင်း မရှိသေးပေ။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**

## အာဖရိကဦးချိုဒေသရှိ မိုးခေါင်ရေရှားဒုက္ခသည်များကို ကူညီရန် ကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံခန့် တောင်းခံထား

**နိုင်ရိုဘီ မတ် ၂၇**

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရများအာဏာပိုင်အဖွဲ့ (အိုင်ဂျီအေဒီ)သည် မိုးခေါင်ရေရှားမှုကြောင့် ကင်ညာ၊ ယူဂန္ဒာနှင့် ဆိုမာလီယာနိုင်ငံတို့၌ ငတ်မွတ်ခေါင်းပါးမှု ကြုံတွေ့နေရသော လူသန်းပေါင်းများစွာကို ကူညီရန်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၉ ဘီလီယံပေးအပ်ရန် တောင်းဆိုလိုက်ကြောင်း သိရသည်။

လူပေါင်း ၄၇ သန်းမှာ စားနပ်ရိက္ခာလုံလောက်မှု မရှိခြင်းနှင့် အချို့မှာ ငတ်မွတ်ခေါင်းပါးမှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေရှိသည့်အတွက် အခြေအနေမှာ ဆိုးရွားလာလျက်ရှိကြောင်း အိုင်ဂျီအေဒီ အမှုဆောင်အတွင်းရေးမှူး ဝါနာ ဂီဘီယေဟူက ပြောသည်။

အဆိုပါ ၄၇ သန်းထဲမှ ၇၀ ရာခိုင်နှုန်းခန့်မှာ အီသီယိုးပီးယား၊ ကင်ညာနှင့် ဆိုမာလီယာနိုင်ငံတို့၌ နေထိုင်သူများဖြစ်ကြောင်း သိရသည်။



ဆိုမာလီယာနိုင်ငံ၌ မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နေရသော လူမှုအသိုင်းအဝိုင်းနှင့် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များအတွက် စားနပ်ရိက္ခာနှင့် စားနပ်ရိက္ခာမဟုတ်သော ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံလိုအပ်ကြောင်း၊ အီသီယိုးပီးယားနိုင်ငံ၌ လာမည့် လေးလအတွင်း အဓိကလိုအပ်ချက်များ ပံ့ပိုးပေးနိုင်ရန် အမေရိကန်ဒေါ်လာ သန်း ၇၁၀ လိုအပ်ကြောင်းနှင့် ကင်ညာနိုင်ငံ၌ အောက်တိုဘာလအထိ ဒုက္ခကြုံတွေ့နေသော ဒေသများသို့ စားနပ်ရိက္ခာ၊ ရေနှင့် ကာကွယ်ဆေးထိုးနှံမှု ဆောင်ရွက်ပေးရန် အမေရိကန်ဒေါ်လာ ၃၇၈ သန်း လိုအပ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဩစတြေးလျဘဏ္ဍာရေးကုမ္ပဏီတစ်ခု ဆိုက်ဘာတိုက်ခိုက်ခံရပြီး ကိုယ်ရေးကိုယ်တာအချက်အလက် ၁၄ သန်း ခိုးယူခံခဲ့ရ

**ဆစ်ဒနီ မတ် ၂၇**

ဩစတြေးလျဘဏ္ဍာရေးဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်သည့် လတ္တီကျူသည် မကြာသေးမီက ဆိုင်ဘာတိုက်ခိုက်ခံခဲ့ရပြီး ဟက်ကာများက ဩစတြေးလျနှင့် နယူးဇီလန် ဖောက်သည် ၁၄ သန်းခန့်၏ ကိုယ်ရေးကိုယ်တာ မှတ်တမ်းပေါင်း ၁၄ သန်းခန့်ကို ခိုးယူခဲ့ကြောင်း မတ် ၂၇ ရက်တွင် ယင်းကုမ္ပဏီက အတည်ပြုထုတ်ပြန်သည်။

လတ္တီကျူသည် ကနဦးက သုံးစွဲသူ ၃၃၀၀၀၀ ခန့်၏ အချက်အလက်များကိုသာ ခိုးယူခံခဲ့ရသည်ဟု ယုံကြည်ခဲ့သည်။ သို့သော်လည်း ယခုလအစောပိုင်းတွင် ဖြစ်ပွားခဲ့သည့် ယင်းဖြစ်စဉ်အတွင်း မှုခင်းပညာဆိုင်ရာသုံးသပ်ချက်အရ ထိခိုက်ခံစားခဲ့ရသူ အရေအတွက်သည် ယခင်ကထင်ထားသည်ထက် များစွာပိုမိုကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဆိုက်ဘာတိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ အသေးစိတ်စိစစ်ချက်များအရ ဩစတြေးလျနှင့် နယူးဇီလန် ယာဉ်မောင်းလိုင်စင် ၇ ဒသမ ၉ သန်း၏ အသေးစိတ်အချက်အလက်များအပြင် နိုင်ငံကူးလက်မှတ်နံပါတ် ၅၃၀၀၀ ခိုးယူခံခဲ့ရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ထို့အတူ ၂၀၀၅ ခုနှစ်က ဖောက်သည်များ၏ အမည်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များနှင့် မွေးသက္ကရာဇ်စသည့် အချက်အလက်များပါဝင်သည့် မှတ်တမ်းပေါင်း ၆ ဒသမ ၁ သန်းမှာလည်း ဖောက်ထွင်းခိုးယူခံခဲ့ရသည်ဟုဆိုသည်။

ဤဖြစ်စဉ်ကြောင့် များပြားလှသည့် ဝန်ဆောင်မှုအသုံးပြုသည့် ဖောက်သည်များနှင့် လျှောက်ထားသူများ ထိခိုက်နစ်နာခဲ့ရသည့်အတွက် များစွာစိတ်ပျက်ဖွယ်ရာဖြစ်ပြီး ၎င်းတို့အနေဖြင့် အနူးအညွတ်တောင်းပန်ကြောင်း လတ္တီကျူဘဏ္ဍာရေးကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် အာမက်ဖာဟာက ပြောကြားသည်။ ယင်းဖြစ်စဉ်ကို ဩစတြေးလျ ဖက်ဒရယ်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေပြီး အစိုးရဆိုက်ဘာလုံခြုံရေးကျွမ်းကျင်သူများအပြင် ၎င်းတို့၏ကိုယ်ပိုင်အကြံပေးများနှင့်လည်း လုပ်ဆောင်နေကြောင်း လတ္တီကျူဘဏ္ဍာရေးကုမ္ပဏီဘက်က ပြောကြားထားသည်။

**ဆင်ဟွာ၊ အေအက်ဖ်ပီ**

## မဲလ်ဘုန်းနှင့် တိုကျိုအကြား တိုက်ရိုက်လေကြောင်းပြေးဆွဲ

**ဆစ်ဒနီ မတ် ၂၇**

ဩစတြေးလျနိုင်ငံ၏ ကွန်တက်စ်လေကြောင်းလိုင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားပြီးနောက် သုံးနှစ်ကျော်အကြာတွင် ပထမဆုံးအကြိမ်အဖြစ် မဲလ်ဘုန်းနှင့် တိုကျိုအကြား တိုက်ရိုက်လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲမှု စတင်လိုက်ကြောင်း သိရသည်။

မတ် ၂၇ ရက် ထုတ်ပြန်ချက်အရ မဲလ်ဘုန်းအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် တိုကျိုဟာနီဒါအပြည်ပြည်ဆိုင်ရာလေဆိပ်ကြား မရပ်မနားပျံသန်းပြေးဆွဲနိုင်သည့် ပထမဆုံးလေကြောင်းလိုင်းဖြစ်သည့်အတွက် Airbus A330 လေယာဉ်ဖြင့် တစ်ပတ်လျှင် လေးရက်ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဝန်ဆောင်မှုအသစ်သည် ကပ်ရောဂါမဖြစ်ပွားမီက နာရီတာလေဆိပ်သို့သွားရာ ခရီးလမ်းကြောင်းနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက တိုကျိုမြို့သို့သွားရာတွင် ခရီးသည်များအတွက် ခရီးစဉ်ကြာချိန် နှစ်နာရီနီးပါး သက်သာဖွယ်ရှိသည်။

**ဆင်ဟွာ**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ခရီးသွားပြည်သူများတစ်ရက်လျှင် ရှစ်သောင်းခန့် ဝင်ရောက်လျက်ရှိ

ညောင်ဦး မတ် ၂၇

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ခရီးသွားဘုရားဖူးပြည်သူတစ်ရက်လျှင် လူဦးရေရှစ်သောင်းကျော်ခန့် လာရောက်ဖူးမြော်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားရေးဦးစီးဌာန(ပုဂံ)ရုံးခွဲတာဝန်ရှိသူများထံမှ သိရသည်။**



ရုံးသုံးရက်ပိတ်ခြင်းနှင့်အတူ နွေရာသီ ကျောင်းပိတ်ရက်အတွင်း ပုဂံ- ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မြန်မာပြည်အရပ်ရပ်မှခရီးသွား ဘုရားဖူးပြည်သူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ သမိုင်းအထင်ကရဘုရားများ၊ သာသနိက အဆောက်အအုံများ၊ အပန်းဖြေဆင်စခန်းတို့တွင် ခရီးသွားများဖြင့် စည်ကားနေကြောင်း အာနန္ဒာဘုရားကြီး ဂေါပကအဖွဲ့က ပြောသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ရောက်ရှိလာကြသည့်ခရီးသွားဘုရားဖူးများသည် ဘုရားဈေးတန်းများတွင် ရောင်းချနေသည့် ပုဂံသမိုင်းစာအုပ်များ၊ ပုဂံသုတေသနစာအုပ်များ၊ ပုဂံသမိုင်းရုပ်ပြ စာအုပ်များဝယ်ယူမှုများပြားလျက်ရှိကြောင်း၊ အီးဗိုက်များဖြင့် အဖွဲ့လိုက် ငှားယူစီးနင်းမှုများပြားလျက်ရှိသလို လက်ရေးပန်းချီဆွဲသူများ လက်မလည်အောင် လက်အလှပန်းချီရေးဆွဲသူများပြားလျက်ရှိကြောင်း၊ ဆုတောင်းပြည့်ဘုရားငါးဆူရှိသည့် ရွှေဆံတော်ဘုရားရှိ ဆုတောင်းပြည့်ဆင်းတုဘုရား၊ တာမဏီသိမ်ကျောင်းရှိ ဆုတောင်းပြည့်ဆင်းတု၊ ဓမ္မရာဇကဘုရားရှိ ဆုတောင်းပြည့်ဆင်းတုနှစ်ဆူ၊ လောကနန္ဒာဘုရားရှိ ဆုတောင်းပြည့်ဆင်းတုတော်တို့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားနေပြီး ရွှေသက်န်းကပ်လှူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းအထင်ကရဘုရားများအပြင် နံရံဆေးရေးပန်းချီရှိသည့် ဘုရားများ၊ ဗိသုကာလက်ရာလေ့လာလိုသူများ၊ ပါဠိစာ၊ မင်စာလေ့လာလိုသူများလည်း ပုဂံဘုရားများတွင် လေ့လာသူများပြားလျက်ရှိကြကာ စားသောက်ဆိုင်များ၊ အဝတ်အထည် ရောင်းချလျက်ရှိသည့်ဆိုင်များ၊ ပုန်းရည်ကြီး အရောင်းဆိုင်များ၊ ပုဂံအမှတ်တရ ရောင်းချလျက်ရှိသည့်ဆိုင်များ၊ မြင်းလှည်းအငှားလိုက်သူများ၊ မီနီအိုးဝေ အငှားလိုက်သူများ၊ ပြည်တွင်းခရီးသွား ဧည့်လမ်းညွှန်များနှင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ နေ့စဉ် ခရီးသွားဧည့်သည်များဖြင့် လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေကြရပြီး မိသားစုဝင်ငွေများ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**

# ဒေးဒရဲမြို့၌ မြို့နယ်စည်ပင်သာယာရေးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်

**ဒေးဒရဲ မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒေးဒရဲမြို့ အမှတ်(၁)ရပ်ကွက် အောင်မင်္ဂလာကွက်သစ် တပင်ရွှေထီးလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ တပင်ရွှေထီးလမ်း၌ ကျင်းပခဲ့သည်။




အဆိုပါ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးသက်နိုင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဦးနိုင်ဦးလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော တာဝန်ရှိသူများက ကွန်ကရစ်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဘဏ္ဍာရန်ပုံငွေကျပ် ၁၇ ဒသမ ၆၀၃၉ သန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၇ ဒသမ ၆၀၉ သန်း စုစုပေါင်းငွေကျပ် ၃၅ ဒသမ ၂၀၇၈ သန်းဖြင့် ၂၀၂၃ ဇန်နဝါရီ ၄ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး လမ်းအရှည် ပေ ၁၁၄၀၊ အကျယ် ၁၀ ပေ၊ ထုခြောက်လက်မရှိ ကွန်ကရစ်လမ်းအမျိုးအစားဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ **အေဇာလင်း**

# ပိုင်ကျုံမြို့၌ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံ

**ပိုင်ကျုံ မတ် ၂၇**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ကျေးလက်ကျန်းမာရေးဌာနတွင် အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာသန်စွမ်းပြီးရောဂါကူးစက်မှုမှ ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးခြင်းကို မတ် ၂၈ ရက်တွင် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ပိုင်ကျုံမြို့နယ်အတွင်းရှိ မွေးစမှအသက်နှစ်နှစ်အထိကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များတို့အား ဘီစီဂျီဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါဘီ၊ ဦးနှောက်အမြှေးရောင်( ငါးမျိုးစပ်ကာကွယ်ဆေး )၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗွီ )၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းများကို လစဉ် ၂၈ ရက် နှင့် ၂၉ ရက်နေ့များတွင် ပုံမှန်ထိုးနှံပေးကြောင်း သိရသည်။

**နော်ဒူး(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ လေပြင်းဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မြို့သစ် မတ် ၂၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လေပြင်းဘေးကြိုတင်ကာကွယ်ရေးအတွက် အိုးအိမ်များပြင်ဆင်ဆောင်ရွက်ရန်အတွက် မြေပြင်သာကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာနှင့်အောင်မြင်သာကျေးရွာတို့ရှိ လူနေအိမ်အလုံး ၁၀၀ အား မတ်၂၆ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့သစ်မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက မြေပြင်သာကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာနှင့်အောင်မြင်သာကျေးရွာများတွင် လေပြင်းဘေး ကြိုတင်ကာကွယ်ရေးအတွက် အမိုး၊ အကာများ ပြင်ဆင်ဆောင်ရွက်မည့် နေအိမ်များသို့ သွားရောက်၍လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**



# ကျောက်ပန်းတောင်းမြို့နယ်၌ ပိုးသတ်ဆေးဖျန်းခြင်း ရက်သတ္တပတ်လုပ်ငန်းများဆောင်ရွက်

**ကျောက်ပန်းတောင်း မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ပိုးသတ်ဆေးဖျန်းခြင်းရက်သတ္တပတ် (Disinfection Week)ကို မတ် ၂၀ ရက်မှ ၂၆ ရက် အထိ ဆောင်ရွက်ခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည်၊ မြို့နယ်အတွင်း တိရစ္ဆာန်ကူးစက်ရောဂါများ မဖြစ်ပွားစေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ကျွဲ/ နွား ကူးစက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ တိရစ္ဆာန်မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုရှိစေရန် ခြံသန့်ရှင်းရေး စနစ်တကျ ဆောင်ရွက်စေခြင်း၊ ကူးစက်ရောဂါကာကွယ်ရေး နည်းလမ်းများ ပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ မွေးမြူရေးအသိပညာ ဖြန့်ဝေခြင်းနှင့် မွေးမြူရေးခြံများတွင် ပြင်ပမှ ကူးစက်ရောဂါဝင်ရောက်မှု မရှိစေရန် မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းရက်သတ္တပတ်ကို မတ် ၂၀ ရက် မှ မတ် ၂၆ ရက်အထိ၊ မြို့မတိုက်နယ်အတွင်းမှ ကြက်မွေးမြူရေးခြံ ၁၀ ခြံ၊ လက်ပံပျားတိုက်နယ်အတွင်းမှ နွားမွေးမြူရေးခြံ ငါးခြံ၊ ပုပ္ပားတိုက်နယ်အတွင်းမှ သိုး/ဆိတ်မွေးမြူရေးခြံခုနစ်ခြံတို့တွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**နေအောင်(ပြန်/ဆက်)**

# လှိုင်ကော်မြို့၌ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်



**လှိုင်ကော် မတ် ၂၇**

ကယားပြည်နယ် မီးသတ်ဦးစီးဌာနမှဦးစီး၍ လှိုင်ကော်မြို့ ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာနရုံး၌ မီးဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်း အခမ်းအနားကို မတ် ၂၅ ရက်က ပြုလုပ်ရာ ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာနရုံးမှဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်သည်။

ဦးစွာ ကယားပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်သန်းက မီးဘေးလုံခြုံရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် တက်ရောက်လာသော ဝန်ထမ်းများပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းများကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


# ပြင်ဦးလွင်၌ နိုင်ငံတကာအဆင့်မီ ဘိုးဘွားစောင့်ရှောက်ရေးစင်တာ တည်ဆောက်လျက်ရှိ

ပြင်ဦးလွင် မတ် ၂၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာ၌ နိုင်ငံတကာအဆင့်မီ ဘိုးဘွားစောင့်ရှောက်ရေး စင်တာတစ်ခု တည်ဆောက်နေကြောင်း မေတ္တာအလင်းတန်း ဘိုးဘွားစောင့်ရှောက်ရေးစင်တာမှ သိရသည်။

ဘိုးဘွားစောင့်ရှောက်ရေးစင်တာ တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ စင်တာတည်ထောင်သူ စေတနာအလင်းတန်းဆရာတော် ဦးပညာဝံသက "ကလေးတွေအတွက်ကလေးကစားကွင်းတွေ၊ လူငယ် လူလတ်တွေအတွက် အပန်းဖြေစရာ နေရာမျိုးစုံတွေ မြန်မာနိုင်ငံမှာ ရှိသင့်သလောက်ရှိနေပေမယ့် အသက်ကြီးတဲ့ဘိုးဘွားတွေအတွက် သင့်လျော်တဲ့ အပန်းဖြေစရာနေရာ ကောင်းကောင်း မတွေ့မိသေးတာကြောင့် တည်ဆောက်ရခြင်းဖြစ်တယ် " ဟု မိန့်ကြားသည်။





တည်ဆောက်နေဆဲ ဘိုးဘွားစောင့်ရှောက်ရေးစင်တာနှင့် ဆက်လက်ဆောက်လုပ်မည့်အဆောက်အအုံပုံစံများ။

မေတ္တာအလင်းတန်း ဘိုးဘွားစောင့်ရှောက်ရေးစင်တာတွင် အထူးကုဆေးရုံ၊ လေ့ကျင့်ခန်း (Gym)၊ ရုပ်ရှင်ကြည့်ခန်း (TV–Room)၊ တရားဘာဝနာခန်း (Meditation –room)၊ ထမင်းစားခန်း၊ လေးဦးအိပ်ခန်း၊ ရှစ်ဦးအတွက် တိုက်တစ်လုံး(ဘန်ဂလို)၊ ပန်းဥယျာဉ်၊ စာကြည့်တိုက်နှင့် ဖျော်ရည်ဆိုင်၊ ကော်ဖီဆိုင်တို့ ပါဝင်မည်ဖြစ်ပြီး ဂျပန်နိုင်ငံမှဆရာ ဆရာမများက ဂျပန်နိုင်ငံ ဘိုးဘွားစောင့်ရှောက်ရေး သင်ရိုးများအတိုင်း သင်တန်းများဖွင့်လှစ်၍ စိစစ်ရွေးချယ်ကာ ကျွမ်းကျင်ဝန်ထမ်းများကို ခန့်အပ်ပြီး ဘိုးဘွားစောင့်ရှောက်မှုများ ပေးမည်ဖြစ်သည်။

ထို့ပြင် အိပ်ခန်းများအထိ အဝင်အထွက်များကိုလည်း ဝှီးချဲ၊ တွန်းလှည်းတွန်းပို့နိုင်သည့်အထိပြုလုပ်ထားမည့်အပြင် လေဝင်လေထွက်နှင့် နေရောင်ခြည်ကောင်းမွန်စွာရရှိရေးနှင့် ဘိုးဘွားများအတွက် လုံခြုံစိတ်ချမှုအပြည့်ဖြင့် အပန်းဖြေအနားယူနိုင်ရေးအတွက် အကောင်းဆုံးစီစဉ်ပေးနိုင်ရန် လုပ်ဆောင်ထားကြောင်း၊ ဘိုးဘွားစောင့်ရှောက်ရေး စင်တာကို ၂၀၂၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး နှစ်နှစ်အကြာတွင် ဖွင့်လှစ်ရန်လည်း ရည်မှန်းထားကြောင်း၊ စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၃၅၀၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး ယခုလက်ရှိချိန်အထိ သိန်း ၁၅၀၀၀ ခန့် အလှူခံရရှိနေပြီဖြစ်ကြောင်း၊ ဘိုးဘွားစောင့်ရှောက်ရေး စင်တာ၌ အိမ်တွင်ရှိသော ဘိုးဘွားများကို ကျန်းမာရေးအတွက်သော်လည်းကောင်း၊ ရာသီဥတုကြောင့်သော်လည်းကောင်း၊ အပန်းဖြေ အနားယူနိုင်စေရန်အတွက်သော်လည်းကောင်း၊ တရားဘာဝနာအလုပ်လုပ်ရန်အတွက်သော် လည်းကောင်း၊ တစ်ပတ်ဖြစ်စေ၊ တစ်လဖြစ်စေ၊ တစ်သက်လုံးဖြစ်စေ ဘိုးဘွားစောင့်ရှောက်ရေးစင်တာအုပ်ချုပ်မှုအဖွဲ့များက စိစစ်ပြီး ပျော်သလောက် နေထိုင်ခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုဇော်(ဓာတု)

# ချောင်းသာကမ်းခြေ၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

ချောင်းသာ မတ် ၂၇

ရုံးပိတ်ရက် သုံးရက်ဆက်သည့် မတ် ၂၅ မှ ၂၇ အတွင်း ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့သို့ ယာခင်ပုံမှန်ရက်များထက် ခရီးသည်ဝင်ရောက်မှု များပြားလျက်ရှိပြီး မတ် ၂၇ ရက်တွင် ချောင်းသာကမ်းခြေ၌ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

"ရုံးပိတ်ရက် သုံးရက် ဆုံသွားတာရယ်၊ သင်္ကြန်မတိုင်မီ နားအေးပါးအေး အပန်းဖြေလာကြတဲ့သူတွေရယ်၊ ကျောင်းသားအရွယ်တွေ၊ လူကြီး၊ လူငယ်၊ လူလတ်အစုံလာလည်ကြတာများတယ်။ သောကြာနေ့ ညနေပိုင်းလောက်ကတည်းက စစည်ကားလာပြီး တစ်နေ့တစ်နေ့ သိသိသာသာ ပိုစည်ကားလာတယ်။ ကမ်းခြေ ဈေးသည်တွေလည်း လူစည်နေတော့ အရင်ရက်တွေထက် ပိုရောင်းနေရတော့ တော်တော်လေး အဆင်ပြေနေကြတယ်"ဟု ကမ်းခြေတွင်ဈေးရောင်းလုပ်ငန်းလုပ်ကိုင်သူ ဦးကျော်ဌေးက ပြောသည်။



ချောင်းသာမြို့သို့ အပန်းဖြေရန် ခရီးသည်ဝင်ရောက်မှု ယခင်နေ့များထက် တစ်နေ့တခြား များပြားလာသဖြင့် ကမ်းခြေတွင် ဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်ရေး၊ ကမ်းခြေတွင် ဈေးရောင်းချသည့် ဈေးသည်များ သတ်မှတ်စည်းကမ်းချက်များနှင့် အညီ ရောင်းချစေရေးနှင့် မော်တော်ယာဉ်များ အဆင်ပြေစွာ စနစ်တကျ ရပ်နားနိုင်စေရေးတို့ကို မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့များနှင့် ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇော်လေး (ပြန်/ဆက်)



# မြစ်ပေါက်ကျေးရွာမှထွက်ရှိသည့် မြန်မာ့ရိုးရာ မြေထည်ပစ္စည်းများ အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိ

မြင်းမူ မတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မြစ်ပေါက်ကျေးရွာသည် မိရိုးဖလာလုပ်ငန်းဖြစ်သည့် မြေထည်ပစ္စည်းမျိုးစုံကိုပြုလုပ်ကာ မြန်မာပြည်အနှံ့တင်ပို့ရောင်းချလျက်ရှိသည့် လက်မှုလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းပြုလုပ်သောကျေးရွာတစ်ရွာဖြစ်သည်။

ကျေးရွာအနေဖြင့်လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ နီးပါး ဘိုးဘွားစဉ်ဆက်ကပင်ရွှံ့စေးမြေကိုအသုံးပြုလျက် ထမင်းဟင်းချက်သည့်မြေအိုးများ၊ စလောင်းဖုံးအမျိုးမျိုး၊ ဆီမီးခွက်၊ ကလေးငယ်များ ဆော့ကစားသည့်အိုးပုတ်၊ ချိုးရုပ်၊ ဆင်ရုပ် စသဖြင့်ပြုလုပ်ကာ အနယ်နယ်အရပ်ရပ်တွင် ကျင်းပသည့် ဘုရားပွဲ၊ နတ်ပွဲများသို့လှည့်လည်ကာရောင်းချကြောင်း၊ ယခုအခါအတတ်ပညာများ ဖွံ့ဖြိုးလာသည့်နှင့်အညီ တီထွင်ဆန်းသစ်သောလက်ရာများပါရှိသည့် ဘုရားပန်းအိုးအမျိုးမျိုး၊ ရွှေရောင်/ငွေရောင်ဆေးရောင်ခြယ်အိုးများ၊ ပစ်တိုင်းထောင်အရုပ်ပုံစုဘူးများစသည်ဖြင့် ပုံစံမျိုးစုံကို ကျေးရွာရှိအိမ်ထောင်စုအများစုက ပြုလုပ်လျက် အနယ်နယ်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း ယင်းကျေးရွာမှ မြေထည်ပစ္စည်းပြုလုပ်သူ ဦးသီဟထံမှ သိရသည်။

ကျေးရွာထွက်ပစ္စည်းများကို ရန်ကုန်၊ မန္တလေး၊ ရွှေဘိုနှင့်အခြားဝယ်လိုအားရှိသည့်မြို့ကြီးများသို့ တင်ပို့လျက်ရှိပြီး ပွဲတော်များ ကျင်းပသည့် မြို့ရွာများသို့လည်း သွားရောက်ရောင်းချကြောင်း သိရသည်။

အောင်စိုးဖေ(မြင်းမူ)

# ကြို့ပင်ကောက် နွားပွဲဈေးနှင့် မွေးမြူရေးခြံများ၌ ပိုးသတ်ဆေးများဖျန်းပေး

ကြို့ပင်ကောက် မတ် ၂၇

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ပိုးသတ်ဆေးဖျန်းခြင်း ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ရွှေကျွန်းတောနွားပွဲဈေးနှင့် ရပ်ကွက်ကျေးရွာများအတွင်းရှိ မွေးမြူရေးခြံများတွင် Vircon ခြံဖျန်းပိုးသတ်ဆေးများ လိုက်လံပတ်ဖျန်းပေးခြင်းကို မတ် ၂၆ ရက်က ဆောင်ရွက်ခဲ့သည်။

ပိုးသတ်ဆေးဖျန်းပေးရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ရွှေကျွန်းတော နွားပွဲဈေးနှင့် ရပ်ကွက် ကျေးရွာများအတွင်းရှိ မွေးမြူရေးခြံများ၌တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သောရောဂါများ ကူးစက်မှုမဖြစ်ပေါ်စေရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခြင်းဖြစ်ကြောင်း၊ တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်သုံး နွားများကိုလည်း ပေါင်ပုပ် လက်ပုပ်၊ ထောင့်သန်းရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာအေးနုဖြူက ပြောသည်။

ကြို့ပင်ကောက်မြို့ရှိ နို့စားနွားမွေးမြူရေးခြံများ၊ ဝက်မွေးမြူရေးခြံများ၊ ကြက်မွေးမြူရေးခြံများ၊ ဆိတ်မွေးမြူရေးခြံများသို့လည်း လစဉ်



သွားရောက်၍ မွေးမြူရေးခြံပိုင်ရှင်များအား ကျွဲ၊ နွား၊ ဝက်နှင့် ကြက်များတွင် ဖြစ်တတ်သော ရောဂါများ ကြိုတင်ကာကွယ်ရေးနှင့် ပိုးသတ်ဆေး အသုံးပြုပုံ အသုံးပြုနည်းများကို အသိပညာပေး ရှင်းလင်းပြောကြားပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သစ်ပင်စိုက်မှ အရိပ်ရ၏။
ရိပ်ခိုနားနေ အပန်းဖြေ၏။

# ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၌ ငွေကျပ်သိန်း ၄၅၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၇**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၌ ငွေကျပ်သိန်း ၄၅၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၃ ရက် နံနက် ၁၁ နာရီခွဲတွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် နမ့်ဖားရပ်ကွက် ပူးပေါင်းစစ်ဆေးရေးစခန်း၌ ဗန်းမော်မြို့မှ မြစ်ကြီးနားမြို့ဘက်သို့ တူးဂျာ မောင်းနှင်ပြီး အီးဆပ် လိုက်ပါလာသည့် MAZDA BT-50 မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ဘိန်းဖြူ ၁၁ ဒသမ ၅၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၆၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ (ယာဉ်ပုံ) စစ်ဆေးဖော်ထုတ်ချက်အရ မွန်းလွဲ ၃ နာရီခွဲတွင် ၎င်းတို့နှင့်အတူ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် ဂွန်းဆန် မောင်းနှင်ပြီး ဆိုင်းနော်နှင့်ဇော်ဂွန်းမိုင်တို့ လိုက်ပါလာသည့် HAVAL မော်တော်ယာဉ်ကို ဗန်းမော်မြို့နယ် စီဟဲကျေးရွာ (၅)မိုင် စစ်ဆေးရေးစခန်း၌ ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်တွင် သို့ဝှက်သယ်ဆောင်လာသော ဘိန်းဖြူ ၁ ဒသမ ၃၅ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၄၅၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၂ ဒသမ ၈၇ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၆၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးများ



သယ်ဆောင်ခိုင်းသူ နောနော်(ခ) ခေါင်နော်ကို မူဆယ်မြို့ ဟိုမွန်ရပ်ကွက် နေအိမ်တွင် ဖမ်းဆီးရမိပြီး သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်၊ တာမွေနှင့် သဃ်န်းကျွန်းမြို့နယ်တို့၌ မူးယစ်ဆေးများဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၆ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြင်ဦးလွင်မြို့နယ် ရွှေသင်းကျေးရွာအုပ်စု ရွှေသင်းကျေးရွာအနီးတွင် မျိုးမင်းသန်း(ခ)ပေါက်စ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာအုပ်စု ဘော်ကျေးရွာရှိ မခင်မိုးဝင်း(ခ)ချယ်ရီ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၆၀ ကိုလည်းကောင်း၊ ထိုနေ့ နံနက် ၁၁ နာရီခွဲတွင် တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် သမိန်ဗရမ်းလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ရဲထက်နိုင်(ခ)ကိုထွေး နှင့် ဝင်းမင်းထွေး(ခ)ကိုထွေး တို့ကို စစ်ဆေးရှာဖွေရာ အိုက်စ် သုည ဒသမ ၈၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၇၀ ကိုလည်းကောင်း။

မတ် ၂၅ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် (ဆ/က) ရပ်ကွက် ခိုင်သဇင်လမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ သက်နိုင်(ခ)နိုင်နိုင် ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၇

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၇)နေ စိုးကိုကိုလင်း(ခ)စိုးကိုလင်းသည် ၎င်းအသုံးပြုသည့် “Soe Ko Lin” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် ကျောက်စိမ်း၊ သစ်မျိုးစုံ၊ သစ်တောထွက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အလုံမြို့နယ် အေးရှားဝေါလ် ဆိပ်ကမ်းအတွင်း၌ တရားမဝင်ကြိမ်ထည်ပစ္စည်း၊ ကျွန်းပရိဘောဂပစ္စည်း (အဟောင်း) ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၄၅၆)နှင့် ပေ ၄၀ အရှည်ရှိ ကုန်သေတ္တာတစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၃၄၅၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တပ်မတော်ဦးဆောင်သော ပူးပေါင်းအဖွဲ့က မန္တလေး- လားရှိုး- မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အိုရီယမ်တယ်စစ်ဆေးရေးဂိတ်၌ မန္တလေးဘက်မှ သိန္နီဘက်သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ ကျောက်စိမ်းဟုယူဆရသော အကြမ်းတုံးနှင့် အချောထည်မျိုးစုံတို့ကို စစ်ဆေးတွေ့ရှိရ၍ လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လွှဲပြောင်းအပ်နှံ၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဆိုဒ်စုံ ၁၁၇ ကီလိုဂရမ် အပါအဝင် ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၈၇၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Caldina Van အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၈၇၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် မတ် ၂၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင်ကုန်စည်တားဆီးထိန်းချုပ်ရေးအဖွဲ့က မူဆယ်မြို့ စွမ်စော်ရပ်ကွက် စွမ်စော် (၄)လမ်းအနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးအား ရှောင်တခင် သွားရောက်စိစစ်၍ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Mini Projector ၁၂ လုံး အပါအဝင် ကုန်ပစ္စည်း ၇၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၇၇၈၉၅)၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၏ ထောက်ခံချက်မပါရှိသော တရုတ်နိုင်ငံထုတ် မုန့်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၇၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dongfeng အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၃၅၀၈၉၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၂၄ ရက်တွင် ကျိုက်ထိုမြို့မှ ပဲခူးမြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အသင့်စားကြာဆံထုပ် ၁၀ ဖာ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သည့် Toyota Hilux အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မတ် ၂၅ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် Gas Cartridge Butane ၃၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၉၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့်သာယာဝတီခရိုင်တို့အတွင်း တရားမဝင် ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ ၂၆ ဒသမ ၇၈၄၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၂၀၀၇၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၃ ရက်၊ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၇၂၄၄၂၁) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

မြန်မာ့အလင်း

အင်္ဂါ၊ မတ် ၂၈၊ ၂၀၂၃

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းဖြူစင်ထွန်း ၁၃/တကန(နိုင်)၂၈၈၂၇၉ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၉၅၅၄၈၅၀

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဘီမားလ် ၁၃/လလန(နိုင်)၀၅၂၅၇၄ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၅၀၄၀၅၄

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ကုန်းသာကျေးရွာ အထက(ခွဲ)Grade-7 မှ မောင်ကောင်းမြတ်၏ ဖခင် ဦးကျော်ကျော်လွင်၏ အမည်မှန်မှာ ဦးကျော်လွင် ၈/မဘန(နိုင်)၁၁၀၀၃၃ ဖြစ်ပါကြောင်း။

ဦးကျော်လွင်

## စာအုပ်
## စာပေ
## လူမိတ်ဆွေ

## အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးမင်းယုမောင် ၈/ပမန(နိုင်)၀၈၁၅၆၃ နှင့် ဒေါ်မြတ်လွင် ၈/ပခက(နိုင်)၀၂၈၇၅၄ တို့သည် ၂၄-၄-၂၀၀၈ ရက်မှစ၍ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ ၁၂-၈-၂၀၂၂ရက်တွင် ဒေါ်မြတ်လွင်သည် ၎င်း၏သဘောဆန္ဒအရ အိမ်ဝိုင်းခြံမြေပိုင်ဆိုင်မှု စာချုပ်စာတမ်းများ ယူဆောင်ကာ နေအိမ်မှ ဆင်းသွားခဲ့သဖြင့် ဒေါ်မြတ်လွင်နှင့် ပတ်သက်ဆက်နွယ်သည့် ကိစ္စရပ်အားလုံးနှင့် ဒေါ်မြတ်လွင် ပြုလုပ်ဆောင်ရွက်မှုများသည် ကျွန်တော် ဦးမင်းယုမောင်နှင့် လုံးဝ သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းယုမောင်

# ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေး လွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူရေးကန်သည် အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း၊ စသည့် နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ❖ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေ အရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေအပူချိန် မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေး ပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် (၆) နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန




ကွယ်လွန်သူ ဦးလှမြင့်(ခ)ဦးကောင်းမြတ်အားရည်စူး၍ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်မြမြအေး သားသမီးမြေးတစ်စုက ၂၇-၃-၂၀၂၃ ရက်တွင် ဗိုဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ကျောက်ကပ်သွေးသန့်စင်ငွေပဒေသာပင် အလှူငွေကျပ်သိန်း(၅၀)လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယကဦးဝင်းလွင်မှ လက်ခံယူစဉ်။

## အသက်မွေးဝမ်းကျောင်းကာလတို သင်တန်းများ(အခမဲ့)ပို့ချပေးမည်

မိသားစုဝင်ငွေတိုးပွားရေး၊ တစ်ပိုင်တစ်နိုင်ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရေး၊အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွန်းလာစေရေးအတွက် အောက်ဖော်ပြပါ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

- စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း(Bakery, Snack, Juice,Jam အမျိုးမျိုး)
- လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း (ဆပ်ပြာရည်/အခဲအမျိုးမျိုး၊ ခေါင်းလျှော်ရည်အမျိုးမျိုး)
- အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း
- အခြေခံသံဂဟေဆက်သင်တန်း
- ဝါးလက်မှုထည်သင်တန်း

လုပ်ငန်းထူထောင်လိုသူများကို ဦးစားပေးမည်။ စိတ်ပါဝင်စားသူများ အနေဖြင့် ဖုန်း-၀၉-၂၆၃၈၁၀၂၃၈၊ ၀၉-၄၀၂၆၆၈၈၆၇၊ ၀၉-၄၄၂၁၄၀၅၂၄တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ပါသည်။

**ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တောင်ကြီးမြို့**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း အသိပေးကြေညာခြင်း

FLCM(Foundation For Life and Culture Movement)၏ ဒါရိုက်တာဖြစ်သူ Mr.Lee Shihho အား(၂၄-၃-၂၀၂၃)ရက်မှ (၂၄-၃-၂၀၂၅)ရက်အထိ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်းခံရသည့်အတွက် FLCM Foundation အဖွဲ့မှ အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ကြေညာအပ်ပါသည်။

**FLCM Foundation အဖွဲ့**

## မသက်ဆိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ နယ်မြေ (၁၀/ခ) နေ ဦးမျိုးဝေထွန်း (၉/တကန(နိုင်)၁၁၇၈၆၂)၏ ဇနီး ဒေါ်နှင်းနှင်းသည် မိမိသဘော ဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းနှင့်သက်ဆိုင်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးသွားမည် မဟုတ်ပါကြောင်း အများသိစေရန်နှင့် မိမိနှင့် မသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးဝေထွန်း**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့်နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ အလုံခရိုင်၊ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ်(၃၆/၄လွှာ)တိုက်ခန်း အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ အိတ်ဖွင့်လေလံတင်ရောင်းချရန် ကြေညာခြင်း

၁။ အထက်ပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ရောင်းချပါမည်-

| | | |
|---|---|---|
| (က) | လျှောက်လွှာရောင်းချမည့်ရက် | - ၃-၄-၂၀၂၃ ရက်၊ (တနင်္လာနေ့) |
| (ခ) | လျှောက်လွှာပိတ်မည့်ရက် | - ၂၅-၄-၂၀၂၃ရက် (အင်္ဂါနေ့) |
| (ဂ) | လျှောက်လွှာရောင်းချမည့်နေရာ | - အလုံခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၊ ကွန်ကရစ်လမ်းသစ်နှင့်ဆင်မင်းလမ်းဆုံ (ယခင်ပုလဲနှင့်ငါးလုပ်ငန်း ဦးစီးဌာန) လွတ်လပ်ရေးရပ်ကွက်၊အလုံမြို့နယ်၊ |
| (ဃ) | လျှောက်လွှာဈေးနှုန်း | - တစ်စောင်လျှင်(၅၀၀၀) ကျပ်နှုန်း |
| (င) | လေလံဖွင့်မည့်ရက် | - ၂၇-၄-၂၀၂၃ရက် (ကြာသပတေးနေ့) |
| (စ) | လေလံဖွင့်မည့်အချိန် | - နံနက်(၁၀:၀၀)နာရီ |
| (ဆ) | လေလံဖွင့်မည့်နေရာ | - အလုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမ |

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၂၃၁၄၆၉၁၊ အလုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ခရိုင်လေလံတင်ထုခွဲရောင်းချရေး၊ စီမံခန့်ခွဲရေးအဖွဲ့**
**အလုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

ဒေါ်လွင်မို့မို့အေး ကိုင်ဆောင်သော မှတ်ပုံတင်အမှတ် ၁၂/သကတ(နိုင်)၁၆၅၁၇၄ ၏မူရင်း၊ အိမ်ထောင်စုစာရင်း (မူရင်း) နှင့် မော်တော်ယာဉ် ရောင်းချ/ ဝယ်ယူခြင်းအပေါ် အခွန်ကိစ္စစိစစ်ဆောင်ရွက်ခြင်း(မူရင်း)တို့သည် ၂၁-၃-၂၀၂၃ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၃၀၀၈၀၈၁

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၁)သုနန္ဒာ (၁)လမ်း၊ သုမင်္ဂလာအိမ်ရာနေ ဦးမြင့်ရွှေ၏သမီး ဒေါ်သန္တာဝင်း ၁၂/ကတန(နိုင်) ၀၇၆၆၈၀ (အာဖြဲစိန် ငပိ၊ ငံပြာရည်)စားသောက်ကုန်လုပ်ငန်းနှင့် ပတ်သက်သော မဟုတ်မမှန် သတင်းအမှားများလွှင့်ခြင်း၊ ဒေါ်သန္တာဝင်းနှင့် ပတ်သက်သည့် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော မဟုတ်မမှန် သတင်းများပြောဆိုခြင်း၊ ညစ်ညမ်းစော်ကားပုတ်ခတ်စေသည့် အပြုအမူ၊ အပြောအဆိုများ၊ Facebook လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဂုဏ်သိက္ခာထိခိုက်စော်ကားစေသည့် စာသားများ၊ Post များ တင်ခြင်း ပြုလုပ်ဆောင်ရွက်မည်ဆိုပါက ဆောင်ရွက်သူ မည်သူ့ကိုမဆို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်စင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၉၀)**
**ကမ်းနားလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(A)၊ တိုက်အမှတ်(A-3)၊ အခန်းအမှတ်(223)၊ Type(A), Area(1185)Sqftရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင်ဆက် စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမင်းသက်နိုင် ၁၂/စခန(နိုင်) ၀၃၇၁၀၄ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ သည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်စီစီဝင်း**
၁၂/သလန(နိုင်)၀၇၂၂၄၆
ဖုန်း-၀၉-၉၇၅၇၇၆၄၂

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၃)၊ ဗိုလ်ဖိုးဝင်း(၂)လမ်း၊ မြေကွက်အမှတ်(၇၄၂)၊ မြေပေအကျယ် (၄၀ x ၆၀)ပေ၊ ဧရိယာ(၀ဒသမ၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀)ရှိ ဒေါ်ကျင်သွယ် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်အေးမြတ်မြတ်ထွေး ၁၂/မဂဒ(နိုင်) ၀၁၁၅၄၃က ယင်း မြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောသစ်သားအုပ်ညှပ်နှစ်ထပ် (၁) လုံးနှင့်တစ်ထပ်(၁)လုံး နေအိမ်များအပါအဝင်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုက်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဖြူနှင်း ၁၃/လရန(နိုင်) ၁၇၀၉၈၈က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီသန့် [ "အလင်္ကာ" Law Firm]**
**LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

# မွေးမြူရေးခြံများအား ပိုးသတ်ဆေးဖျန်းခြင်းရက်သတ္တပတ် ဆောင်ရွက်

**သာယာဝတီ မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ မွေးမြူရေးခြံများအား တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ယမန်နေ့က ခြံဖျန်းဆေးများ လိုက်လံ၍ ပိုးသတ်ဆေးဖျန်းခြင်းရက်သတ္တပတ် ဆောင်ရွက်ကြသည်။

မွေးမြူရေးခြံများ၌ ခြံ ဖျန်းဆေးများ လိုက်လံဖျန်းပေးရာတွင် သာယာဝတီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းကျော်သူက မွေးမြူရေးခြံများအား ဇီဝလုံခြုံမှုပိုမိုဆောင်ရွက်ပေးရန် ကူးစက်ရောဂါများဖြစ်ပွားမှု မဖြစ်စေရန်နှင့် မွေးမြူရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခြံဖျန်းဆေးများ လိုက်လံဖျန်းပေးခြင်းဖြစ်ကြောင်း ခြံပိုင်ရှင်များကို မှာကြားသည်။

အဆိုပါ ဆောင်ရွက်မှုသို့ သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်ထက်အောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ပြည်ထဲရေးဝန်ကြီးဌာန
## စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် တပ်ဖွဲ့ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့်စက်ပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများ၊ စစ်ဆေးရေးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ မော်တော်ယာဉ်များနှင့် အခြားရုံးသုံးပစ္စည်းများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၁-၄-၂၀၂၃ရက်မှစ၍ နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် သက်ဆိုင်ရာတပ်ဖွဲ့/ဦးစီးဌာနများတွင် ဝယ်ယူနိုင်ပြီး ၂၈-၄-၂၀၂၃ရက်၊ ညနေ ၁၆:၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည် ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး - ဖုန်း-၀၆၇-၃၄၁၂၄၆၆၊ ၀၆၇-၃၄၁၂၇၈၈
(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ - ဖုန်း-၀၆၇-၃၄၁၂၅၁၂၊ ၀၆၇-၃၄၁၂၄၀၂
(ဂ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန - ဖုန်း-၀၆၇-၃၄၁၂၇၇၂၊ ၀၆၇-၃၄၁၂၈၂၁
(ဃ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန - ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅
(င) အကျဉ်းဦးစီးဌာန - ဖုန်း-၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀
(စ) မီးသတ်ဦးစီးဌာန - ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄

**စက်နှင့် စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်-၂၅၄၊ ဦးစိုးမင်း (J/RGN-၀၂၃၇၄၃)အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀) မြေငှားဂရန်မြေကွက် (၄၀'x၆၀') အကျယ်အဝန်းရှိသည့်အနက်မှ မခွဲမစိတ်ရသေးသော မြေကွက်၏ ခြေရင်းဘက်ခြမ်းဖြစ်သော (၂၀'x၆၀') အကျယ်အဝန်း၊ အမှတ်-၂၅၄(ခ)၊ မာဃလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိနေထိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ၁။ ဒေါ်စီစီချစ် ၁၂/ရကန(နိုင်)၀၂၇၈၅၆ ၂။ ဒေါ်နီနီချစ် ၁၂/ရကန(နိုင်)၀၂၆၆၇၉တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက် ဖော်ပြပါမြေနှင့် နေအိမ်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ၄-၄-၂၀၂၃ရက် နောက်ဆုံးထားပြီး ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအောင်မျိုးထက်(စဉ်-၁၁၉၁၀)** **ဒေါ်နန်းမိုခမ်းအောင်(စဉ်-၁၀၂၇၃)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၃၇၈၆၀၁၊ ၀၉-၂၅၄၄၈၂၆၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စံပယ်လမ်း၊ မြေတိုင်း ရပ်ကွက်အမှတ် (၁၇၃)၊ ငါးပိငါးခြောက်ငံပြာရည်လုပ်ငန်းစီမံကိန်းဇုန်(၂)၊ မြေကွက်အမှတ်(၈၃၄)၊ အကျယ်ပေ(၅၀x၉၁)၊ ဧရိယာ(၄၅၅၀)စတုရန်းပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန)က ဒေါ်မေစီစိုး ၁၂/မဂတ(နိုင်)၀၉၈၆၁၃အား ဝယ်ယူခွင့်ပြုခဲ့သောပါမစ်မြေကွက်ဖြစ်ပြီးယင်းမြေကွက်ကိုအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ပြီး ရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသည့် ဦးလှဝင်း(ခ)ရဟိန်း ၁၂/ဒဂတ(နိုင်)၀၂၂၂၇၂ က ကျွန်ုပ်၏မိတ်ဆွေ ဦးခင်စိုး ၁၂/ဥကတ (နိုင်) ၀၉၉၉၉၇အား အပြီးအပိုင်ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူ၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

ထိုရောင်းဝယ်မှုကို ကန့်ကွက်လိုသူသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်၍ ပိုင်ဆိုင်မှုမူရင်းအထောက်အထားများ ပြသကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းအိဇာ LL. B., D.B. L.**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ မြိတ်လမ်းမကြီး၊ (၆၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉ -၇၈၉၉၁၉၃၆၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ (စီ-၁၀)လမ်း၊ တိုက်အမှတ်-၂၉၊ အခန်းအမှတ်- ၃၀၁၊ တတိယထပ်၊ အကျယ်အဝန်းပေ(၂၄x၂၆)၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမျိုးမင်းလတ် ၁၂/မရက(နိုင်)၁၂၆၂၃၉ မှ တရားဝင်စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်ကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မာမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၂၂၀ )**
**အမှတ်- ၄၈၊ (၇လွှာ)၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း- ၀၉-၇၉၈၄၂၅၇၇၅**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ကချင်ပြည်နယ်၊ အိတ်ဖွင့်လေလံခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံးများနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအသီးသီးရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း စာရင်းမှ ပယ်ဖျက်ပြီးသော Hard Drawn Bare Copper Wire (HDBC) ကြေးကြိုးအဟောင်း (ဆိုဒ်စုံ)များအား မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်လေလံ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | **လေလံပုံစံ စတင်ရောင်းချမည့်ရက်** | - ၃-၄-၂၀၂၃ရက် |
| (ခ) | **လေလံပိတ်ရက်/ပိတ်ချိန်** | - ၂-၅-၂၀၂၃ရက်၊ (၁၆:၀၀)နာရီ |
| (ဂ) | **လေလံဖွင့်ဖောက်မည့် ရက်/အချိန်** | - ၅-၅-၂၀၂၃ရက်၊ (၁၀:၀၀)နာရီ |
| (ဃ) | **လေလံရောင်းချမည့်နေရာ** | - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရောရပ်ကွက်၊ မြစ်ကြီးနားမြို့။ |
| (င) | **လေလံဖွင့်ပွဲပြုလုပ်မည့်နေရာ** | - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရောရပ်ကွက်၊ မြစ်ကြီးနားမြို့ |

အသေးစိတ်အချက်အလက်များကို အောက်ပါဖုန်းနံပါတ်များတွင် ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်-

**ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**တယ်လီဖုန်းအမှတ်-၀၉-၂၅၀၀၉၆၅၅၃၊ ၀၉-၉၅၀၈၅၄၈၄၈၊**
**၀၉-၂၅၀၇၉၈၉၈၈၊ ၀၉-၄၂၆၈၁၄၇၂၁၊ ၀၉-၄၄၃၃၄၄၀၇၇**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ထားဝယ်ခရိုင်
## (၁/၂၀၂၃-၂၀၂၄) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဦးစီးဌာန၊ ထားဝယ်ခရိုင်မှ ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/ အဆောက်အအုံလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသောကြောင့် စိတ်ပါဝင်စားသော ကုမ္ပဏီနှင့် လုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင် တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာ၍ ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၁၈-၄-၂၀၂၃ရက်၊ (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** | - ၂-၅-၂၀၂၃ရက်၊ မွန်းလွဲ (၂:၀၀)နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** | - ၅-၅-၂၀၂၃ရက်၊ နံနက် (၉:၃၀)နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့ |
| **တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆက်သွယ်စုံစမ်းနိုင်သည့် ဖုန်းနံပါတ်များ** | - ၀၅၉-၂၁၀၂၃၊၀၉-၇၉၈၀၆၉၄၉၆၊ ၀၉-၄၂၁၇၂၄၅၆၁ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုတ်သိမ်းကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၂၈-၁၀-၂၀၁၃) ရက်စွဲဖြင့် ကျွန်တော် ဦးဇော်ဝင်းလှ (ဘ-ဦးလှ) (၅/ကလဘ (နိုင်) ၀၃၄၂၄၀)(AE-၀၆၈၆၀၀)မှ ဦးဝင်းထွဋ်လှိုင် (ဘ-ဦးခင်မောင်ဦး) (၁၂/သဃက(နိုင်) ၁၅၈၉၉၁)ထံသို့ လွှဲပေးထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၀၉၅/၂၀၁၃)အား (၂၈-၃-၂၀၂၃) ရက်နေ့မှစ၍ အပြီးအပိုင်ရုတ်သိမ်းပါကြောင်း အသိပေးကြော်ငြာလိုက်ပါသည်။

ဦးဇော်ဝင်းလှ (ဘ-ဦးလှ)
(၅/ကလဘ (နိုင်) ၀၃၄၂၄၁)(AE-၀၆၈၆၀၀)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/55501 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ ဒါးက ကျေးရွာအုပ်စု၊ အကွက်အမှတ် (၆) မီးရထားမြို့ကွက်၊ ဦးပိုင် အမှတ် (၅/၇)၊ ဧရိယာ ၀ ဒသမ ၈၂၇ ဧက ရှိ ဦးဝင်းမြင့် အမည်ပေါက် နှစ်(၃၀) ဂရန်ကျပြီး မြေအား (ဘ)ဦးဝင်းမြင့်၏သား ဦးသော်ဇင်ဖြိုး၁၂/ဗတထ(နိုင်) ၁၄၇၀၅၂အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**
**ကန်ကြီးထောင့်မြို့နယ်**

## မေတ္တာရပ်ခံ ပန်ကြားလွှာ

